ကြေးမုံ

The Mirror Daily

Established in 1957

၁၉၅၇ ဖြို့ ၁၆ တွင် စတင်တည်ထောင်သည်။

e - paper ဖတ်ရှုရန်

မိမိပြုပြီးသောကောင်းမှုကံကိုမြင်၍ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ရ

ကောင်းမှုပြုသောသူသည် ဤဘဝ၌လည်း ဝမ်းမြောက်ရ၏။ နောင်ဘဝ၌လည်း ဝမ်းမြောက်ရ၏။ ပစ္စုပ္ပန်တမလွန် နှစ်တန်သော ဘဝတို့၌ ဝမ်းမြောက်ရ၏။ ထိုသူသည် မိမိပြုပြီးသော ကောင်းမှုကံကိုမြင်၍ အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်ရလေ၏။

ယမကဝဂ်(၈မှ၀၃-၁၆)

၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက်၊ သောကြာနေ့။ Friday, 24 July 2026 ၁၂၄၄

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒဿမနေ့ကျင်းပ



နေပြည်တော် ဇူလိုင် ၂၃

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒဿမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိလွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယကဦးအောင်လင်းဌေးက တတိယအကြိမ်ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒဿမနေ့သို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၅၆၀ ရှိသည့်အနက် ယနေ့အစည်းအဝေးသို့

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○

အာဆီယံတူညီဆန္ဒ (၅)ရပ်ဟုဆိုသော အာဆီယံထုတ်ပြန်ချက် (၅)ရပ်နှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၄ ရက်တွင် အာဆီယံနိုင်ငံခေါင်းဆောင်များ အစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့ရှိ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၌ ကျင်းပခဲ့ရာ အဆိုပါ အစည်းအဝေးတွင် အာဆီယံခေါင်းဆောင်များက မြန်မာ့အရေးဖြစ်ပေါ်ပြောင်းလဲမှုနှင့်ပတ်သက်၍ ဆွေးနွေးအကြံပြုခဲ့ကြပါသည်။ အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံက (၁) အာဆီယံအဖွဲ့ဝင် နိုင်ငံများ၏ အကြံပြုချက်အချို့သည် အပြုသဘောဆောင်သည်ကို မှတ်သားထားပါကြောင်း၊ နိုင်ငံ၏ ပြည်တွင်းရေးအခြေအနေပေါ်မူတည်၍ ထည့်သွင်းစဉ်းစားသွားမည်ဖြစ်ကြောင်း၊ (၂) မြန်မာနိုင်ငံ၌ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်မှုရှိရေးကို ဦးစားပေးဆောင်ရွက်နေသည့်အတွက် နိုင်ငံ့အကျိုးစီးပွားကို အခြေခံပြီး အကြံပြုချက်များကို အလေးထား စဉ်းစားပေးမည်ဖြစ်ကြောင်း၊ (၃) အကြံပြုချက်များသည် နိုင်ငံတော်အစိုးရ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ် အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုပြီး အာဆီယံပဋိညာဉ်စာတမ်း၊ အာဆီယံနည်းလမ်း၊ အာဆီယံစိတ်ဓာတ်တို့ကို

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✪

ယနေ့ ဖတ်စရာ

သန့်ရှင်းသော စွမ်းအင်မှသည် အစိမ်းရောင် ကမ္ဘာဆီသို့

ဆောင်းပါး စာမျက်နှာ » ၇

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ရွှေလီမြို့၌ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပ

စာမျက်နှာ » ၈

သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေး ဂေဟာ (နေပြည်တော်)ဖွင့်လှစ်

စာမျက်နှာ » ၉

၂၀၃၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံမှ ထုတ်လုပ်သည့် လျှပ်စစ်ကား အရေအတွက် ၁ ဒသမ ၆ သန်း ထက် ကျော်လွန်မည်

စာမျက်နှာ » ၁၃

အထက်ပေါင်းလောင်းဓာတ်အားပေးစက်ရုံ ဇရိယာအတွင်း ပျက်စီးဆုံးရှုံးမှုများ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီး၊ နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ ၄၅၄ သန်းကို မဟာဓာတ်အားလိုင်းမှတစ်ဆင့် ပြည်သူများထံသို့ ဖြန့်ဖြူးပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၂၃

၂၀၂၄ ခုနှစ် စက်တင်ဘာလတွင်ဖြစ်ပွားခဲ့သည့် ရာဂီမုန်တိုင်းကြောင့် အထက်ပေါင်းလောင်း ဓာတ်အားပေးစက်ရုံ ဇရိယာအတွင်းရှိပျက်စီးဆုံးရှုံးမှုများပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးသဖြင့် ဓာတ်အားပေးစက်ရုံမှ စက်ခွဲမိုးအားပြည့်ဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မောင်းနှင်လျက်ရှိပြီး နှစ်စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ ၄၅၄ သန်းကို မဟာဓာတ်အားလိုင်းမှတစ်ဆင့်ပြည်သူများထံသို့ဖြန့်ဖြူးပေးလျက်ရှိသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ■

မတ္တရာမြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများ ဓာတ်အားပြန်လည်ရရှိ



မန္တလေး ဇူလိုင် ၂၃

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ ဓာတ်အားဖြန့်ဖြူးပေးထားသော မတ္တရာမြို့နယ်ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများသည် အကြောင်းအမျိုးမျိုးကြောင့် ပြတ်တောက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သော်လည်း လျှပ်စစ်ဓာတ်အားရရှိရေးကို အမြန်ဆုံးပြန်လည်ဆောင်ရွက်နိုင်ခဲ့သည့် အတွက် မတ္တရာမြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် ဓာတ်အားပြန်လည်ရရှိပြီဖြစ်ကြောင်း မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ သိရသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖



ပြည်ထောင်စုအကျိုးစီးပွားအတွက် ဒီမိုကရေစီနည်းလမ်းတကျဖြေရှင်း

နိုင်ငံတော်အစိုးရသည် ပြည်တွင်းငြိမ်းချမ်းရေး ရေရှည်တည်တံ့ခိုင်မာစေရန်နှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးကို ရှေးရှု၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ တိုးတက်ကောင်းမွန်သော ရလဒ်များရရှိသလို ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေများ၊ နောက်ပြန်လှည့်သွားသည့် အခြေအနေများဖြစ်ပေါ်ခဲ့သည်ကိုလည်း ကြားသိရမည်ဖြစ်သည်။

လက်ရှိကာလတွင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူလူထုက ရွေးချယ်ထားသည့် ရွေးကောက်ခံအစိုးရ၏ဦးဆောင်မှုနှင့်အတူ ပြည်သူများလိုလားနစ်သက်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေဖြို့ဖြစ်သည်။ ဒီမိုကရေစီစနစ်တွင် ပြည်သူများအားလုံး၏ လိုလားချက်များ၊ ဆန္ဒများကို ပြည်သူ့ကိုယ်စားလှယ်များနှင့်အတူ ထုတ်ဖော်ဆွေးနွေး ညှိနှိုင်းပေါင်းစပ်ပြီး ရယူနိုင်သည့် အခွင့်အရေးများရှိနေပြီဖြစ်သည်။ တိုင်းရင်းသားများအရေးနှင့်ပတ်သက်၍လည်း ဦးစားပေးအလေးထားပြီး ညှိနှိုင်းဆွေးနွေးဆောင်ရွက်ကာ မိမိတို့၏လိုလားချက်များကို ရယူနိုင်သည့် အခွင့်အရေးများရှိနေပြီဖြစ်သည်။ ဒီမိုကရေစီစနစ်တွင် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းကြရမည်ဖြစ်ရာ နိုင်ငံရေးစင်မြင့်၊ နိုင်ငံရေးစားပွဲပိုင်းများသို့ လာရောက်ကြရန် ဖိတ်ခေါ်ဆွေးနွေး ဆောင်ရွက်နေပြီဖြစ်သည်။

ယခုအခါ ပိုမိုထိရောက်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ချမှတ်နိုင်ရန်နှင့် ရရှိပြီးသော ဆွေးနွေးမှုရလဒ်များကို လက်တွေ့ကျကျ အကောင်အထည်ဖော်နိုင်မည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်နိုင်ရန်ရည်ရွယ်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (NCA-S EAOs)တို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ ပြန်လည်သုံးသပ်ဆွေးနွေးပွဲများ နေပြည်တော်တွင် ကျင်းပပြုလုပ်နေသည်ကို မြင်တွေ့ရသည်မှာ ဝမ်းမြောက်စရာဖြစ်သည်။ နိုင်ငံတော်အစိုးရက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့်တင် စဉ်ဆက်မပြတ်ပြုလုပ်နေသလို လွှတ်တော်အသီးသီးတွင် တိုင်းရင်းသားလူမျိုးများအရေး၊ တိုင်းရင်းသားဒေသများအရေးတို့ကို ဆွေးနွေးညှိနှိုင်းအဖြေရှာနိုင်ခြင်းသည် ငြိမ်းချမ်းရေးခရီးလမ်း ချောမွေ့ဖြောင့်တန်းရန်အတွက် အထောက်အပံ့ကောင်းများ၊ ရလဒ်ကောင်းများပင်ဖြစ်သည်။

နိုင်ငံရေးအရဖြစ်ပေါ်ခဲ့သော သဘောထားကွဲလွဲမှုများကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းခြင်းမပြုဘဲ လက်နက်ကိုင်အကြမ်းဖက်သည့်နည်းလမ်းကို ရွေးချယ်ခဲ့ခြင်းကြောင့် နိုင်ငံအတွင်း၌ အချို့ဒေသနယ်မြေများ၌ တည်ငြိမ်အေးချမ်းမှုရရှိရန် လိုအပ်နေဆဲဖြစ်သည်။ အကျိုးဆက်အနေဖြင့် ဒေသခံပြည်သူများ လက်နက်ကိုင်ပဋိပက္ခများ၏ဆိုးမွေများ ရေရှည်ခံစားနေကြရသည်ကို ဝမ်းနည်းဖွယ်တွေ့ရမည်ဖြစ်သည်။ ထို့အပြင် လက်နက်ကိုင်ပဋိပက္ခများကြောင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ထိရောက်စွာမဆောင်ရွက်နိုင်ဘဲ မြို့ပြဒေသဖွံ့ဖြိုးတိုးတက်မှုနှင့် ကွာဟချက်ကြီးမားနေသည်ကိုလည်း မြင်တွေ့ရမည်ဖြစ်သည်။ လက်နက်ကိုင်အကြမ်းဖက်နည်းလမ်းဖြင့် ဖြေရှင်းနေကြခြင်းသည် ဒေသနှင့် ပြည်သူ့အကျိုးစီးပွားကို ဖျက်ဆီးနေခြင်းဖြစ်ပြီး တစ်နည်းဆိုသော် ပြည်ထောင်စု၏အနာဂတ်ကို ဖျက်ဆီးရာရောက်နေသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် မိမိတို့သဘောတူညီလက်ခံထားသည့် NCA သည်သာ ငြိမ်းချမ်းရေး၏ လမ်းပြမြေပုံဖြစ်သည်ကို နားလည်ထားကြပြီးဖြစ်သည်။ ယခုဆွေးနွေးညှိနှိုင်းလျက်ရှိသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများသည် NCA ၏ အနှစ်သာရကိုအခြေခံသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော်နေခြင်းဖြစ်သည်။ နိုင်ငံတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ယုံကြည်မှုတည်ဆောက်နေခြင်းဖြစ်သည်။ ပိုမိုထိရောက်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့်တင် ဆက်လက်ဖော်ဆောင်နိုင်ရန်အတွက် NCA လက်မှတ်ရေးထိုးရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ NCA လက်မှတ်ရေးထိုးပြီး အကြောင်းအမျိုးမျိုးကြောင့် NCA လမ်းကြောင်းမှကင်းကွာနေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပါဝင်လာနိုင်ရေး၊ စဉ်ဆက်မပြတ်ထိတွေ့ တွေ့ဆုံဆွေးနွေးနိုင်ရေးတို့သည် ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးအတွက် အရေးကြီးသဖြင့် ပူးပေါင်းပါဝင် လက်တွဲဆောင်ရွက်ကြရန် အထူးလိုအပ်သည်။

သို့ဖြစ်ရာ ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံသစ်ကို တည်ဆောက်အကောင်အထည်ဖော်နေပြီး ထိုမှ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ဆောင်ရွက်သွားမည်ဖြစ်ရာ ပိုမိုထိရောက်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ပေါ်လာနိုင်ရန်အတွက် နိုင်ငံရေးကို နိုင်ငံရေးနည်းလမ်းဖြင့် တွေ့ဆုံဆွေးနွေးအဖြေရှာကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးအဖြစ် မစ္စတာ သော်ဆရလမ် အား ခန့်အပ်ရန် သဘောတူ

နေပြည်တော် ဇူလိုင် ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူး အာဏာကုန်လွဲအပ်ခြင်းခံရသော ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ မုံခွန်းဝိစစ်စတန်၏ နေရာတွင် မစ္စတာ သော်ဆရလမ် အား ခန့်အပ်ရန် ထိုင်းနိုင်ငံအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ သော်ဆရလမ် ကို ၁၉၇၅ ခုနှစ် မတ်လ ၃ ရက်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ထိုင်းနိုင်ငံ ချူလာလောင်ကွန်တက္ကသိုလ်မှ ဂျာမန်ဘာသာစကားဖြင့် ဝိဇ္ဇာဘွဲ့၊ ရဝ်ခမ်ဟွန်တက္ကသိုလ်မှ ဥပဒေပညာဖြင့် ဝိဇ္ဇာဘွဲ့၊ ဗြိတိန်နိုင်ငံ၊ ဝေါ်ဝခ်တက္ကသိုလ်မှ နိုင်ငံတကာနိုင်ငံရေးဘောဂဗေဒဖြင့် မဟာဝိဇ္ဇာဘွဲ့တို့ကို ရရှိခဲ့သည်။

မစ္စတာ သော်ဆရလမ်သည် ၁၉၉၆ ခုနှစ်တွင် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနခွဲ စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဟိုချိမင်းမြို့ရှိ ထိုင်းကောင်စစ်ဝန်ချုပ်ရုံး၊ ဆစ်ဒနီမြို့ရှိ ထိုင်းကောင်စစ်ဝန်ချုပ်ရုံးနှင့် ဘူဒါပတ်မြို့ရှိ ထိုင်းသံရုံးတို့၌ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ လက်ရှိတွင် လော့စ်အိန်ဂျယ်လိစ်မြို့ရှိ ထိုင်းကောင်စစ်ဝန်ချုပ်ရုံးတွင် ကောင်စစ်ဝန်ချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ သော်ဆရလမ် သည် အိမ်ထောင်ရှင်တစ်ဦးဖြစ်သည်။

သတင်းစဉ်

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၊ နည်းပညာတက္ကသိုလ်(သန်လျင်) ပါမောက္ခချုပ် ဒေါက်တာ သိဂီ ကို ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့် နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တိုးမင်းထွန်း ကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

ကလောမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းဖွင့်

ကလော ဇူလိုင် ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၃ ရက်နံနက် ၁၀ နာရီက ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (TOT)ဖွင့်ပွဲ ကျင်းပသည်။

အဆိုပါသင်တန်းကို ဇူလိုင် ၂၃ ရက်မှ ၂၄ ရက်အထိ မြို့နယ်ဥပဒေအရာရှိဒေါ်စိမ်းနုအောင်၊ ဦးချစ်စမ်းမောင်နှင့် ဒုတိယမြို့နယ်ဥပဒေအရာရှိများဖြစ်သည့် ဒေါ်နန်းနီလာအောင် တို့က သိသင့်သိထိုက်သည့် ဥပဒေများ၊ နည်းဥပဒေများကို ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး သင်တန်းသား ၄၅ ဦးတို့အား ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ ကျော်ဝင်း(ကလော)

၂၃ - ၇ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၆၉၅၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ၂၃ - ၇ - ၂၀၂၆

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အဝိတ်ဈေး (ကျပ်)	ရွယ်ယာစောင်ရေ	ရွယ်ယာတန်ဖိုး (ကျပ်)
FMI	၁၈,၀၀၀	၁၈,၀၀၀	၃,၃၄၇	၆၀,၂၄၆,၀၀၀
MTSH	၈,၄၀၀	၈,၄၀၀	၂,၂၄၂	၁၈,၈၀၇,၈၀၀
MCB	၁၄,၀၀၀	၁၃,၅၀၀	၆၅	၈၆၄,၀၀၀
FPB	၇,၀၀၀	၇,၀၀၀	၆၁	၄၂၇,၀၀၀
TMH	၃,၅၀၀	၃,၆၀၀	၂၆	၉၁,၁၀၀
EFR	၁,၈၅၀	၁,၈၅၀	၂,၁၂၅	၃,၉၃၁,၂၅၀
AMATA	၄,၂၀၀	၄,၀၀၀	၁၄၀	၅၈၂,၀၀၀
MAEX	၆,၂၀၀	၆,၃၀၀	၁,၁၁၅	၆,၉၁၄,၅၀၀
MADPL(PLB)	၆,၄၀၀	၆,၃၀၀	၁,၂၃၃	၇,၇၇၅,၂၀၀
ASPGB(PLB)	၁၂၀,၀၀၀	၉၉,၀၀၀	၁,၂၃၁	၁၂၅,၈၅၆,၀၀၀

ရန်ကုန်စတော့အိတ်ချိန်းဈေးရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်၌၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မိုမိုအောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ နိုင်သန္တာလွှေ့၊ ခင်ယုဆွေ့၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နိုလာစိုးနှင်းအဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင်းအဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ဒေစာရင်း ၀၁-၂၉၁၄၇၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ လို

စုစည်းညီညွတ်တဲ့ တိုင်းပြည်တစ်ခုဖြစ်ဖို့အတွက် အားလုံးက ညီညွတ်ဖို့လိုပါတယ်။ ညီညွတ်ရုံနဲ့ မရသေးဘူး၊ တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ လိုပါတယ်။ စည်းကမ်းရှိဖို့လည်း လိုတယ်။ တိုင်းပြည်မှာ စည်းကမ်းအရ လိုအပ်ချက်တွေရှိနေတာ အမှန်ပါပဲ။ ဒါကို စည်းကမ်းတကျ၊ ညီညီညွတ်ညွတ်နဲ့ အလုပ်လုပ်ကြမယ်ဆိုရင်၊ စွမ်းအားရှိသမျှ အလုပ်လုပ်ကြမယ်ဆိုရင် တိုင်းပြည် မဖွံ့ဖြိုး မတိုးတက်စရာ အကြောင်းမရှိပါဘူး။

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မိဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

❍ တတိယအကြိမ်မှ

၅၄၃ ဦး တက်ရောက်သဖြင့် ၉၆ ဒသမ ၉၆ ရာခိုင်နှုန်းရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူရ မှတ်တမ်းတင်သည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အတွင်းရေးမှူး ဦးဇင်မင်းထက်က ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်း ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၂၆ ခုနှစ်)နှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီ အလိုက် အဆိုပြုတင်ပြရာ ပြည်ထောင်စုလွှတ်တော်နာယက က လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ယင်းနောက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက အဆိုပါဥပဒေကြမ်း တစ်ရပ်လုံးကို အတည်ပြုရန် အဆိုတင်သွင်းသည်။

ဆက်လက်၍ပြည်ထောင်စုလွှတ်တော် နာယက က အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်က ဆုံးဖြတ်ထားသည့်အတိုင်း ဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဒီဇယ်ဆီ HSD (500ppm) အပေါ် အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် ထပ်မံဖွင့်ပြုနိုင်ရေးနှင့် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas)အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့် ထပ်မံဖွင့်ပြုနိုင်ရေးကိစ္စတို့နှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က နိုင်ငံတော်အနေဖြင့် အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခဖြစ်ပွားမှု အခြေအနေနှင့် ကမ္ဘာ့လောင်စာဆီစျေးနှုန်း အခြေအနေ၊ ပြည်တွင်းဒီဇယ်ဆီစျေးနှုန်းနှင့် အခြေခံစားသောက်ကုန် ကုန်စည်စျေးနှုန်း၊ ဓာတ်အားခစျေးနှုန်းနှင့် အခြားဒေသတွင်း နိုင်ငံများ၏ တုံ့ပြန်ဆောင်ရွက်မှု အခြေအနေများအပေါ် လစဉ်စိစစ်သုံးသပ်လျက် ရှိရာ ဒီဇယ်ဆီ HSD(500 ppm) အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်၊ သဘာဝဓာတ်ငွေ့ရည်အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တို့ကို ဇွန်လအတွက် (၁)လ ထပ်မံတိုးမြှင့် ကင်းလွတ်ခွင့်ပြုရန် လိုအပ်လျက်ရှိပါကြောင်း။

နိုင်ငံတော်အနေဖြင့် ဒီဇယ်ဆီ HSD (500 ppm)နှင့် သဘာဝဓာတ်ငွေ့ရည်တို့အပေါ် အခွန်ကင်းလွတ်ခွင့်ပြုခြင်းကြောင့် လျော့နည်းသွားမည့် အခွန်ငွေများကို ပြန်လည်ဖြည့်ဆည်းပေးနိုင်ရေးအတွက် အခွန်နှုန်းထားများ တိုးမြှင့်ခြင်းမပြုဘဲ အခွန်အခြေခဲ့ထွင်ခြင်းဖြင့် ရသင့်ရထိုက်သည့်အခွန်များကို ပိုမိုကောက်ခံရရှိအောင် ဆောင်ရွက်လျက်ရှိပါကြောင်း။

ဒီဇယ်ဆီ HSD(500 ppm) အပေါ် ကောက်ခံသည့် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်နှင့် သဘာဝဓာတ်ငွေ့ရည်အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တို့ကို (၁)လ ထပ်မံတိုးမြှင့်ခွင့်ပြုနိုင်ရေး အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး၏ သဘောတူခွင့်ပြုချက်အရ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရန် တင်ပြရခြင်းဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ဒီဇယ်ဆီ HSD(500 ppm) အပေါ် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်ကင်းလွတ်ခွင့်၊ သဘာဝဓာတ်ငွေ့ရည်အပေါ် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်တို့ကို ၂၀၂၆ ခုနှစ်၊ ဇွန် (၁)ရက်မှ (၃၀)ရက်အထိ (၁)လ ထပ်မံ၍ ခွင့်ပြုနိုင်ရေးအတွက် ၂၀၂၆ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေနှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက် ရယူပေးနိုင်ပါရန် လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ယင်းနောက်ပြည်ထောင်စုလွှတ်တော် နာယက က အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်ရှိပါက ပြည်ထောင်စုလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး (၁၁) ရက်မြောက်နေ့ကို ဇူလိုင် ၂၈ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



ပြည်ထောင်စု လွှတ်တော် ရုပ်သံဖိုင်ကြည့်ရန်

ဖြည့်စွက်ဖတ်ရှုပါရန်

မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး၏ အမည် အပြည့်အစုံမှာ H.E. Mr. Nguyen Anh Duc ဖြစ်ပါကြောင်း ဖြည့်စွက်ဖတ်ရှုပါရန်။

သတင်းစဉ်

❍ ရှေ့ဆုံးမှ

အခြေခံမည်ဆိုပါက အပြုသဘော စဉ်းစားသွားမည်ဖြစ်ကြောင်း ပြန်လည်တုံ့ပြန်ပြောကြားခဲ့ပါသည်။

အာဆီယံနိုင်ငံခေါင်းဆောင်များ အစည်းအဝေးအပြီးတွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ၏ ထုတ်ပြန်ချက် နောက်ဆက်တွဲအနေဖြင့် အာဆီယံထုတ်ပြန်ချက် (၅)ရပ်ကို ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ ထုတ်ပြန်ချက် (၅)ရပ်သည် အာဆီယံလုပ်ထုံးလုပ်နည်းများနှင့်သွေဖည်၍ အဖွဲ့ဝင်နိုင်ငံများ၊ အထူးသဖြင့် အဓိကသက်ဆိုင်သည့် မြန်မာနိုင်ငံအား မူကြမ်းချပြ အသိပေးညှိနှိုင်းမှုမရှိဘဲ ဥက္ကဋ္ဌထုတ်ပြန်ချက်၏ နောက်ဆက်တွဲအဖြစ် ထည့်သွင်းထုတ်ပြန်ခဲ့ခြင်းဖြစ်သည့်အတွက် အဖွဲ့ဝင်နိုင်ငံအားလုံး၏ တူညီဆန္ဒ (ASEAN Consensus)ဖြင့် ထုတ်ပြန်ခဲ့ခြင်း မဟုတ်ပါ။ ထုတ်ပြန်ချက်နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံ၏ ရပ်တည်ချက်ကို ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၇ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း အာဆီယံနိုင်ငံများ၏ အကြံပြုတိုက်တွန်းချက်များနှင့် အထက်ပါ ထုတ်ပြန်ချက် (၅)ရပ်တို့နှင့် ပတ်သက်၍ မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားအပေါ်အခြေခံပြီး အာဆီယံမိသားစု စိတ်ဓာတ်ဖြင့် တတ်နိုင်သမျှ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ ယခင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်က ချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်သည် အာဆီယံထုတ်ပြန်ချက် (၅)ရပ်နှင့် အပြန်အလှန်ဆက်နွယ်မှုရှိသည့်အတွက် ရှေ့လုပ်ငန်းစဉ် (၅)ရပ်ကို အကောင်အထည်ဖော်လျက် တစ်ဖက်တစ်လမ်းကလည်း အာဆီယံထုတ်ပြန်ချက် (၅)ရပ်နှင့် ပတ်သက်ပြီး မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့် အချုပ်အခြာအာဏာကို မထိခိုက်စေဘဲ အတတ်နိုင်ဆုံး ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါသည်။

မြန်မာနိုင်ငံ၌ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလနှင့် ၂၀၂၆ ခုနှစ်၊ ဧနှစ်ဝါရီလ တို့တွင် ရွေးကောက်ပွဲများအား အောင်မြင်စွာကျင်းပပြီးစီးပြီးနောက် လွှတ်တော်တစ်ရပ် ပေါ်ပေါက်လာခဲ့ပြီးဖြစ်ပါသည်။ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၉ ရက်တွင် ပြည်ထောင်စုလွှတ်တော်၌ “အာဆီယံ ထုတ်ပြန်ချက် (၅)ရပ်သည် အာဆီယံ၏ အခြေခံမူများနှင့် ကွဲလွဲနေသည့်အပြင် မြန်မာနိုင်ငံ၏ လက်ရှိပကတိ နိုင်ငံရေးအခြေအနေနှင့် ကိုက်ညီမှုမရှိသည့်အတွက် လိုအပ်သကဲ့သို့ သုံးသပ်ဆောင်ရွက်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း” အရေးကြီးအဆိုတစ်ရပ်ကို အတည်ပြုဆုံးဖြတ်ခဲ့ပါသည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်တွင် ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၌ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေး တစ်ရပ်ကျင်းပခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့ပါသည်။

အဆိုပါ အလွတ်သဘောအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး က “မြန်မာနိုင်ငံသည် မိမိနိုင်ငံ၏ ပကတိအခြေအနေများကို အခြေခံ၍ အမျိုးသားအကျိုးစီးပွားနှင့် အချုပ်အခြာအာဏာကို အလေးထားစောင့်ရှောက်ကာ မြန်မာနိုင်ငံက ဦးဆောင်သော၊ မြန်မာ့ကိုယ်ပိုင်နည်းလမ်း(Myanmar-owned and Myanmar-led approach) ဖြင့် အာဆီယံနှင့် ဆက်ဆံရေးကို ပုံမှန်ပြန်လည်တိုးတက်စေရန် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း၊ အာဆီယံထုတ်ပြန်ချက် (၅)ရပ်နှင့် ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်က အရေးကြီးအဆိုတစ်ရပ် အတည်ပြုဆုံးဖြတ်ခဲ့သည့်အပေါ် မိမိတို့အစိုးရအနေဖြင့် ပြည်သူများ၏ ဆန္ဒဖြင့် ရွေးကောက်တင်မြှောက်ထားသော လွှတ်တော်၏ ဆုံးဖြတ်ချက်ဖြစ်သည့်အတွက် လေးစားလိုက်နာရန်နှင့် ယင်းဆုံးဖြတ်ချက်နှင့် အညီ သင့်လျော်သည့်ဆောင်ရွက်မှုများ အကောင်အထည်ဖော်ရန် တာဝန်ရှိကြောင်း၊ အာဆီယံအဖွဲ့အတွင်း အဖြစ်နိုင်ဆုံး ပူးပေါင်းဆောင်ရွက်၍ အာဆီယံနှင့် ပုံမှန်ဆက်ဆံရေး ပြန်လည်ရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း”ရှင်းလင်းပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ခုနှစ်)ပါ နိုင်ငံခြားရေးမူဝါဒနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ချက်တို့နှင့်အညီ အိမ်နီးချင်းနိုင်ငံများ၊ ချစ်ကြည်ရင်းနှီးသည့် နိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအပါအဝင် နိုင်ငံတကာအသိုက်အဝန်းနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်သွားမည်ဖြစ်ပြီး အမျိုးသားအကျိုးစီးပွားနှင့် အချုပ်အခြာအာဏာကို အစဉ်အမြဲအလေးထားကာ အာဆီယံနှင့်အပြုသဘောဆောင်၍ အကျိုးရှိသော ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ပါသည်။

အာဆီယံထုတ်ပြန်ချက် (၅)ရပ်အပေါ် ဆွေးနွေးမှုများနှင့် အကောင်အထည်ဖော်မှုများတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အာဆီယံပဋိညာဉ်စာတမ်း၌ ပြဋ္ဌာန်းထားသည့် အာဆီယံ၏ အခြေခံမူများဖြစ်သော အဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာကို လေးစားရေး၊ ပြည်တွင်းရေး ဝင်ရောက်စွက်ဖက်ခြင်းမပြုရေး စသည့်အချက်များကို လေးစားလိုက်နာသင့်ပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း မိမိနိုင်ငံ၏ ပကတိအခြေအနေများအပေါ်မူတည်၍ အာဆီယံနှင့် အဖြစ်နိုင်ဆုံး ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်

ကြေးမုံ

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ ကျင်းပ

မြို့နယ်အုပ်ချုပ်ရေးဥပဒေရေးဆွဲနိုင်ရေး၊ လမ်းအဆင့်မြှင့်တင်ပေးရေး၊ တံတားအသစ်တည်ဆောက်ပေးနိုင်ရေး၊ ကန်တူးဖော်ရှင်းလင်းအဆင့်မြှင့်တင်ပေးရေးနှင့် ကုန်စည်ပို့ဆောင်ရာလမ်းကြောင်းများတွင် အဆင်ပြေစွာ ပို့ဆောင်နိုင်ရန် ဆောင်ရွက်ပေးရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၇ ခု မေးမြန်းဖြေကြား

နေပြည်တော် ဇူလိုင် ၂၃

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြို့နယ်အုပ်ချုပ်ရေးဥပဒေရေးဆွဲနိုင်ရေး၊ လမ်းအဆင့်မြှင့်တင်ပေးရေး၊ တံတားအသစ် တည်ဆောက်ပေးနိုင်ရေး၊ ကန်တူးဖော်ရှင်းလင်းအဆင့်မြှင့်တင်ပေးရေးနှင့် ကုန်စည်ပို့ဆောင်ရာ လမ်းကြောင်းများတွင် အဆင်ပြေစွာ ပို့ဆောင်နိုင်ရန် ဆောင်ရွက်ပေးရေးတို့နှင့် စပ်လျဉ်း၍ မေးခွန်း ၇ ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ဒလမဆန္ဒနယ်မှ ဦးတင်မြင့်၏ **ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနေဖြင့် မြို့နယ်အုပ်ချုပ်ရေးဥပဒေရေးဆွဲရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူက မြို့နယ်အဆင့်အုပ်ချုပ်ရေးလုပ်ငန်းများ အတွက် ပြည်သူ့ကောင်စီအဆင့်ဆင့်နှင့် အလုပ်အမှုဆောင် အဖွဲ့ အဆင့်ဆင့်တို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်ဥပဒေကို စကားရပ်များ အဆင့်ဆင့်အစားထိုးခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးများက ယနေ့အချိန်အထိ တာဝန်များကို ကျင့်သုံးဆောင်ရွက်လျက်ရှိပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၈၈ တွင် "ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်တို့၏ အုပ်ချုပ်ရေးကို နိုင်ငံ့ဝန်ထမ်းများအား တာဝန်ပေးဆောင်ရွက်စေရမည်" ဟူ၍ ပြဋ္ဌာန်းထားရှိမှုနှင့်အညီ နိုင်ငံတော်သမ္မတရုံး၏ ကြေညာချက်အမှတ် ၈/၂၀၁၁ ဖြင့် မြို့နယ်အဆင့် အုပ်ချုပ်ရေးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးမှ ထမ်းဆောင်ရန် တာဝန်ပေးအပ်ခဲ့ပြီး ခေတ်စနစ်အလိုက် အုပ်ချုပ်ရေးအဖွဲ့ အစည်းများ ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်း။

နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၂/၂၀၂၆ ဖြင့် "မြို့နယ်အုပ်ချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်ကို ပြင်ဆင်သည့်ညွှန်ကြားချက်"ကို ပြည်သူ့ကောင်စီအဆင့်ဆင့်နှင့် အလုပ်အမှုဆောင်အဖွဲ့ အဆင့်ဆင့်တို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်ဥပဒေပုဒ်မ ၁၃၆ ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ထုတ်ပြန်ခဲ့ရာ ယင်းညွှန်ကြားချက်များအရ မြို့နယ်အဆင့် အုပ်ချုပ်ရေးအဖွဲ့အစည်းဖြစ်သည့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးက ဥက္ကဋ္ဌအဖြစ် လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးက အတွင်းရေးမှူး အဖြစ်လည်းကောင်း၊ မြို့နယ်စီမံကိန်းရေးဆွဲရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး၊ မြို့နယ်ဥပဒေအရာရှိ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးက တာဝန်ပေးအပ်သူတစ်ဦးဦးတို့က အဖွဲ့ဝင်များအဖြစ် ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ မြို့နယ်အဆင့်အုပ်ချုပ်ရေးလုပ်ငန်းများကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် တာဝန်နှင့်လုပ်ပိုင်ခွင့် ဥပဒေပြဋ္ဌာန်းချက်များသည် ပြည့်စုံလုံလောက်ပြီးဖြစ်ခြင်း၊ ယင်းဥပဒေပါတာဝန်နှင့်လုပ်ပိုင်ခွင့်များကို စကားရပ်များအစား ထိုးသည့် ဥပဒေများအရ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးများအား လုပ်ပိုင်ခွင့် အပ်နှင်းထားပြီးဖြစ်ခြင်း၊ ခေတ်ကာလနှင့်လျော်ညီစေရေးအတွက် မြို့နယ်အုပ်ချုပ်ရေးဆိုင်ရာ



တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ ကျင်းပစဉ်။

ညွှန်ကြားချက်များကို ဥပဒေကဲ့သို့ အာဏာတည်စေရန် ထုတ်ပြန်ထားပြီးဖြစ်ခြင်းတို့ကြောင့် လတ်တလောကာလတွင် မြို့နယ်အုပ်ချုပ်ရေးဥပဒေ မူကြမ်းရေးဆွဲရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

ရွှေတောင်မဲဆန္ဒနယ်မှ ဦးတင်ရွှေ၏ **ရွှေတောင် မြို့နယ်ရှိ ညောင်စာရေး–တရုတ်မှော်– ကွေ့မအထိ လမ်းအပိုင်းအား ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက ရွှေတောင် မြို့နယ်၊ ညောင်စာရေး–တရုတ်မှော်– ကွေ့မလမ်း သည် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် တိုင်းဒေသကြီးမှ စီမံခန့်ခွဲသောလမ်းဖြစ်ပြီး (၁၁)မိုင် (၂)ဖာလုံ ရှိပါကြောင်း၊ အဆိုပါလမ်းနှင့်စပ်လျဉ်း၍ မြေသားလမ်း (၉)မိုင် (၃)ဖာလုံအနက် (၃)မိုင်မှာ အကျယ် (၁၆) ပေခန့်၊ (၆)မိုင် (၃)ဖာလုံတွင် အကျယ်(၇)ပေခန့်သာ ရှိပါသဖြင့် မြေသားတာပေါင်ချဲခြင်းလုပ်ငန်းအား ဦးစွာဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သဖြင့် ကနဦး အနေဖြင့် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးသည့်အတွက် ပထမအဆင့်အနေဖြင့် (လေကြီးစုကျေးရွာမှ သရက်တပင်ကျေးရွာ)ထိ (၂)မိုင် (၁) ဖာလုံလမ်းပိုင်းအား မြေသားတာပေါင်ချဲခြင်းနှင့် မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းများကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး ငွေလုံးငွေရင်းရရှိပုံငွေဖြင့် လျာထားတင်ပြသွားမည် ဖြစ်ပြီး ရနံ့ပုံငွေခဲဝေရရှိမှုအပေါ်မူတည်၍ ဆောင် ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကြွခင်းမဲဆန္ဒနယ်မှ ဦးနိုင်မင်းဦး၏ **ရာဂိရီ မုန်တိုင်းကြောင့် ပျက်စီးခဲ့ရသော ကြွခင်းမြို့နယ် အတွင်းရှိ ငွေးချိုတံတားအား အသစ်တည်ဆောက် ပေးနိုင်ပါရန် သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇေသိမ်းက ကြွခင်း မြို့နယ်၊ ငွေးချိုတံတားသည် ကျေးရွာမှ ကိုယ်ထူကိုယ်ထောက်လုပ်ထားသော အရှည်(၁၆၄)ပေ ရှိသည့် သစ်သားကြမ်းခင်းတံတား ဖြစ်ပါကြောင်း၊ ၂၀၂၄ စက်တင်ဘာ ၁၂ ရက်တွင် ချောင်းရေများ ကျဆင်းလာခဲ့ပြီး ဒိုက်များပိတ်ဆို့လာကာ တံတား အလယ်ပိုင်းပြတ်ထွက်ပြီး ရေနောက်မျောပါသွား ခဲ့ရာ လက်ရှိတွင် ကျေးရွာနှင့် ဌာနပူးပေါင်း၍ အကျယ် ၈ ပေ၊ အမြင့် ၁၈ ပေရှိသော ယာယီ ဝါးတံတား ဆောင်ရွက်ထားရှိပါကြောင်း။

အဆိုပါတံတားကို ဝန်ထောက်ကွင်း၊ ပင်ကတိုင်း၊ ငွေးချို၊ သာပေါင်း စုစုပေါင်းကျေးရွာ(၄)ရွာမှ အသုံးပြုသွားလာကြပါကြောင်း၊ တံတား၏မြောက်ဘက်ရှိ ကျေးရွာ(၃)ရွာတို့အနက်မှ အဝေးဆုံးဖြစ်သော ငွေးချိုကျေးရွာသည် ပုသိမ်-မုံရွာကားလမ်းသို့ (၂)မိုင် (၂)ဖာလုံသာကွာဝေးပြီး တံတား၏ တောင်ဘက်ရှိ သာပေါင်းကျေးရွာသည် ပုသိမ်-မုံရွာ ကားလမ်းသို့ (၄)ဖာလုံသာ ကွာဝေးသည့်အတွက် အဆိုပါတံတားအား အသုံးမပြုဘဲ လမ်းမကြီးဆီသို့ အဆင်ပြေလွယ်ကူစွာ အချိန်တိုတွင်း သွားလာနိုင်ပါကြောင်း။

သို့ဖြစ်ပါ၍ တံတားအသစ် တည်ဆောက်ပေးရန် လတ်တလော ဦးစားပေးအစီအစဉ်တွင် မပါရှိသေးပါကြောင်းနှင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင် လက်ရှိ တံတားအား လုနှင့်ဆိုင်ကယ်များ သွားလာ၍ရအောင် ပြုပြင်ခြင်းလုပ်ငန်းကို ပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

လင်းခေးမဲဆန္ဒနယ်မှ စိုင်းထွန်းစံ(ခ) စိုင်းဆေဟန်၏ **ရှမ်းပြည်နယ်တောင်ပိုင်းနှင့် အရှေ့ပိုင်းကုန်စည်ပို့ဆောင်ရာ လမ်းကြောင်းပေါ်တွင် အဆင်ပြေစွာ ပို့ဆောင်နိုင်ရေး ဆောင်ရွက်ပေးရန် သို့မဟုတ် ကုန်စည်သီးသန့်အမြန်လမ်းကြောင်း ဖော်ဆောင်ပေးရန်၊ ခရီးကုန်ကျစရိတ်ထိန်းချုပ်ရေး အတွက် သယ်ယူစရိတ်ကျဆင်းအောင် ဆောင်ရွက် ပေးရန်၊ နယ်စပ်ပေါက်စေးနှင့် ပြည်တွင်းဝယ်စေး ကွာဟချက် ကျဉ်းမြောင်းစေရန်အတွက် အနည်းဆုံး အာမခံစေးနှုန်းသတ်မှတ်ပေးရန်နှင့် မျိုးစေ့နှင့် မြေဩဇာများကို အစိုးရအစီအစဉ်ဖြင့် တိုက်ရိုက် ရောင်းချပေးရန် အစီအစဉ် ရှိ၊ မရှိတို့ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စိုကပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ရဲတင့်ထွန်းက ရှမ်းပြည်နယ်တောင်ပိုင်းနှင့် အရှေ့ပိုင်းကုန်သွယ်မှုလမ်းကြောင်းများတွင် နယ်မြေ အေးချမ်း တည်ငြိမ်သည်ဆိုသော်လည်း နိုင်ငံတော် အနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် တရားဥပဒေ အပြည့်အဝစိုးမိုးမှုရရှိအောင် ဦးစားပေးဆောင်ရွက် လျက်ရှိပါကြောင်း၊ တရားဝင်ကုန်စည်များ တင်ပို့/ တင်သွင်းခြင်းကို စီစစ်ထိန်းကျောင်းခြင်းသည် နိုင်ငံ အတွက် အခွန်ဘဏ္ဍာများရရှိရုံသာမက ပြည်တွင်း ထုတ်လုပ်မှုရရှိသော ထုတ်ကုန်များအပေါ် မလိုလား အပ်သော ထိခိုက်နစ်နာမှုများအား ထိန်းချုပ်နိုင်ပြီး ပြည်တွင်းငွေသုံးလယ်သမား၏ ထွက်ကုန် ဈေးကွက်များအပေါ် ရောင်းလိုအား/ဝယ်လိုအားနှင့် အညီ ဈေးနှုန်းဖြစ်ပေါ်စေမည် ဖြစ်ပါကြောင်း၊ လမ်းခရီးတစ်လျှောက် တရားမဝင်အခွန်ကောက်ခံ နေမှုများကို အထောက်အထားများဖြင့် တရားဝင် တိုင်ကြားနိုင်ပြီး ပါဝင်ပတ်သက်သူများကိုလည်း ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

သီးနှံများ၏ အနည်းဆုံးအာမခံဈေးနှုန်း သတ်မှတ်ရန်ကိစ္စနှင့်စပ်လျဉ်း၍ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင် ရေးဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက် လျက်ရှိပါကြောင်း။

မျိုးစေ့ဈေးနှုန်းကြီးမြင့်မှုကို ထိန်းချုပ်ပေးရန်နှင့် ဈေးနှုန်းသက်သာသည့် မျိုးစေ့ရရှိရေးနှင့်စပ်လျဉ်း၍ စိုကပျိုးရေးဦးစီးဌာန၊ မျိုးစေ့ဌာနခွဲအောက်ရှိ မျိုးသန့်ခြံပေါင်း (၄၃)ခြံမှ စပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံနှင့် အခြားသီးနှံ စုစုပေါင်း (၃၃၄၂၅၂ ဒသမ ၆)ဧကာ စိုကပျိုး လျက်ရှိပြီး စီးပွားဖြစ်မျိုးသန့်မျိုးပွားမျိုးစေ့အဖြစ် ပြန်လည်မျိုးစေ့ထုတ်မည့်တောင်သူများ၊ ပုဂ္ဂလိက ကုမ္ပဏီများသို့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါ ကြောင်း။

ထို့အတူ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုကပျိုးရေးဦးစီးဌာနအောက်ရှိ ခြံ (၁၄၅)ခြံမှ သီးနှံ (၁၀)မျိုးအတွက် ပြည်တွင်းမျိုးစေ့ ထုတ်လုပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ပွားများရရှိလာသည့် မျိုးစေ့များကို မျိုးစေ့ထုတ်ကုမ္ပဏီများ၊ မျိုးစေ့ထုတ် အသင်းအဖွဲ့များမှ စီးပွားဖြစ်မျိုးသန့်မျိုးစေ့များ အဖြစ် ဆက်လက်ပွားများပြီး တောင်သူများထံသို့ ဖြန့်ဝေပေးလျက်ရှိရာ ထပ်မံလိုအပ်သည့်မျိုးများ အတွက် ပြည်ပမှ ဆက်လက်တင်သွင်းရပါကြောင်း။

မြေဩဇာနှင့်စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ယူရီးယား မြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင် ကော်မတီတို့ပူးပေါင်း၍ ကုမ္ပဏီများမှ သွင်းအားစု များကို ဈေးနှုန်းကြီးမြင့်စွာဖြင့် ရောင်းချမှုများမရှိစေ ရေးအတွက် ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ထုတ်လုပ်သော ယူရီးယားဓာတ်မြေဩဇာများအား ဓာတ်မြေဩဇာ ခွဲတမ်းသတ်မှတ်ရေးကော်မတီမှလည်း ဈေးနှုန်း သက်သာစွာ ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါကြောင်း။

နိုင်ငံတော်ပိုင်ခြံ/စိုက်ကွင်းများ၊ ဒေသခံမျိုးစေ့ ထုတ်လုပ်သူများအစုအဖွဲ့များမှ ထုတ်လုပ်ဖြန့်ဖြူး သည့် မျိုးကောင်းမျိုးသန့်မျိုးစေ့များကို သုံးစွဲနိုင်သကဲ့သို့ သီးနှံအထွက်နှုန်းမထိခိုက်စေဘဲ ဓာတ်မြေဩဇာ သုံးစွဲမှုလျော့ချပြီး ဒေသတွင်းတွင်ထုတ်လုပ်သည့် မြေဩဇာများကို ဓာတ်မြေဩဇာနှင့် ပေါင်းစပ်သုံးစွဲ ခြင်းဖြင့် ပြည်ပတင်သွင်းမှုကို လျော့ချနိုင်ပြီး တစ်ဖက်တစ်လမ်းကလည်း ထုတ်လုပ်မှုကုန်ကျ စရိတ် လျော့ပါးသက်သာစေမည်ဖြစ်သည့်အတွက် တရားမဝင်ကုန်စည်များ ဝင်ရောက်မှုများအား တည်ဆဲဥပဒေများနှင့်အညီ ပူးပေါင်းဆောင်ရွက် တားဆီးထိန်းကျောင်းခြင်းဖြင့် သယ်ယူစရိတ် လျော့နည်းစေရေး၊ ဈေးနှုန်းကွာဟမှုမရှိစေရေး၊ ဈေးနှုန်းသက်သာသည့် မျိုးစေ့နှင့်မြေဩဇာရရှိရေး ကိစ္စရပ်များ ဖြေရှင်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါ ကြောင်း ဖြေကြားသည်။

နှော်ဘီမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း၏ **Rice Export Zone(REZ) စီမံကိန်းတွင် ပါဝင်သည့်မြို့နယ် များမှ တောင်သူလယ်သမားများ၏ အကျိုးစီးပွားရရှိ စေမှုနှင့်အတူ ဌာနဆိုင်ရာနှင့် လုပ်ငန်းရှင်များ အကျိုးတူစီမံဆောင်ရွက်နေမှုအခြေအနေကို သိရှိလို ခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာ ရဲတင့်ထွန်းက ပြည်ပတင်ပို့မည့် ဆန်စပါးစိုက်ပျိုး ရေးဇုန် (Rice Export Zone–REZ) စီမံကိန်းကို အစားအစာ ဘေးကင်းလုံခြုံမှုနှင့် ရေရှည်တည်တံ့ မှုဆိုင်ရာ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်ကိုက်ညီ သည့် အရည်အသွေးမြင့်ဆန်များ ထုတ်လုပ်ရန်၊ ပို့ကုန်ယှဉ်ပြိုင်နိုင်စွမ်းကိုမြှင့်တင်ဝင်ရန်၊ ဇာစ်မြစ်ခြေရာ ခံနိုင်မှု(Traceability)၊ **စာမျက်နှာ ၅ သို့** ☆

☆ စာမျက်နှာ ၄ မှ

အရည်အသွေးအာမခံချက်နှင့် တာဝန်ယူမှုရှိသည့် စိုက်ပျိုးရေးလုပ်ထုံးလုပ်နည်းများ သေချာစေရန်၊ တောင်သူများဝင်ငွေတိုးစေရန်နှင့် လူနေမှုဘဝ မြှင့်တင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် အရည်အသွေးတူဆန်များ အရေအတွက် အမြောက်အမြား စဉ်ဆက်မပြတ် ဈေးကွက်တင်ပို့ရောင်းချနိုင်ရန် ရည်ရွယ်၍ ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆန်စပါး အသင်းချုပ်တို့က အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း။

အဆိုပါ စီမံကိန်းဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်အနေဖြင့် Exporter ကုမ္ပဏီက တစ်ဇကလျှင် ငွေကျပ် ၂ သိန်းနှင့် နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ငွေကျပ် ၂ ဒသမ ၅ သိန်းအား Exporter ကုမ္ပဏီမှ တစ်ဆင့် တောင်သူများအား တစ်ဇကလျှင် စိုက်ပျိုးထုတ်လုပ်မှုစရိတ်ငွေကျပ် ၄ ဒသမ ၅ သိန်းနှုန်း ပုံပိုးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေအဖြစ် ငွေကျပ် ၃ သိန်းဖြင့် စုစုပေါင်း တစ်ဇကလျှင် ငွေကျပ် ၇ ဒသမ ၅ သိန်းနှုန်းချေးငွေအဖြစ် ထုတ်ချေးပြီး အရင်းအနှီးရအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

REZ စီမံကိန်းတွင် ပါဝင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်မှုစရိတ် တစ်ဇကလျှင် ငွေကျပ် ၇ ဒသမ ၅ သိန်းကျပ်နှုန်းချေးငွေရရှိပြီး ချေးငွေအား ထွက်ရှိသည့်စပါးဖြင့် ပြန်လည်ပေးဆပ်နိုင်သည့် အခွင့်အလမ်းရရှိခြင်း၊ မျိုးကောင်းမျိုးသန့်များ၊ ဓာတ်မြေဩဇာ စသည့်သွင်းအားစုများကို ဈေးနှုန်းသက်သာစွာ ရရှိသုံးစွဲနိုင်ခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာအကူအညီများရရှိခြင်း၊ သီးနှံပေါ်ချိန်တွင် မျိုးကောင်းမျိုးသန့်စိုက်ပျိုးထားသည့် သီးနှံများကို ကာလပေါက်ဈေးထက် ဈေးပိုမိုပေးပြီး ဝယ်ယူပေးခြင်းတို့ကြောင့် ဝင်ငွေတိုးတက်ရရှိခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ပါကြောင်းနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့်လည်း မြန်မာနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍာတိုးမြှင့်ရေး၊ နိုင်ငံခြားဝင်ငွေပိုမိုရရှိစေရေး၊ ဈေးကွက်ထိုးဖောက်နိုင်ရေးနှင့် ပို့ကုန်ကဏ္ဍာဖွံ့ဖြိုးတိုးတက်စေရေးအတွက် အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၂၆-၂၀၃၀)ကို အစိုးရဌာနများနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များပူးပေါင်းရေးဆွဲပြီး အထူးအလေးပေး ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

အိမ်မဲ မဲဆန္ဒနယ်မှ ဦးတင်ဦး၏ **လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိထားသူ တောင်သူလယ်သမား အိမ်ထောင်ဦးစီးများ ကွယ်လွန်ပါက အမွေဆက်ခံခွင့်ရှိသည့် မိသားစုဝင်များမှ လွယ်ကူချောမွေ့စွာ အမည်ပြောင်းလဲပေးနိုင်ရေးအတွက် ဥပဒေနှင့်အညီ ဖြေလျှော့ဆောင်ရွက်ပေးနိုင်ရေး အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်းနှင့် ရှိပါက မည်ကဲ့သို့ဖြေလျှော့ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးဌေါက်တာရဲတင့်ထွန်းက လယ်ယာမြေကို အမွေဆက်ခံခြင်းဖြင့် လုပ်ပိုင်ခွင့်ပြုလက်မှတ် အမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းဖြစ်ပါက အမွေဆက်ခံခွင့်ရှိသူသည် ဦးစွာစီရင်ပိုင်ခွင့်ရှိသည့် သက်ဆိုင်ရာတရားရုံးမှ အမွေဆက်ခံခွင့် လက်မှတ် ရရှိရေး လျှောက်ထားရပြီး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အမွေဆက်ခံခွင့်ရှိသူသည် လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိသူအမည် ပြောင်းလဲထုတ်ပေးရန် လျှောက်လွှာပုံစံ(၉-က)နှင့်အတူ ပုံစံ(၇)မူရင်း၊ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ စီစစ်ထောက်ခံချက်၊ စီရင်ပိုင်ခွင့်ရှိသည့် တရားရုံးမှ ထုတ်ပေးထားသော အမွေဆက်ခံခွင့်လက်မှတ် မိတ္တူပူးတွဲ၍ မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသို့ လျှောက်ထားရမည်ဖြစ်ပါကြောင်း။

မြို့နယ်မြေစာရင်းဦးစီးဌာနရုံးသည် မြို့နယ်မြေစာရင်းဦးစီးဌာနရုံးရှိ မှတ်ပုံတင်စာရင်းပုံစံ(၅)၊ လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)(ရုံးလက်ခံ)တို့နှင့် တိုက်ဆိုင်စစ်ဆေးပြီး ၁၅ ရက်အတွင်း မြို့နယ်ဦးစီးဌာနရုံးနှင့် လယ်ယာမြေတည်ရှိရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများတွင် လယ်ယာမြေလုပ်ပိုင်ခွင့် အမည်ပြောင်းလဲလျှောက်ထားခြင်းကို ကန့်ကွက်လိုသူတို့က ရက်ပေါင်း ၃၀ အတွင်း ကန့်ကွက်နိုင်ရန် ထုတ်ဆင့်သည့် ကြော်ငြာစာပုံစံ(၂-ဂ)ကို ကပ်ထားရမည်ဖြစ်ပါကြောင်း။

မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သည် ကန့်ကွက်နိုင်ရန် ကြော်ငြာသည့်ရက်မှ ရက်ပေါင်း ၃၀ ပြည့်ပြီးနောက် ကန့်ကွက်လွှာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ ၇ ရက်အတွင်း သဘောထားမှတ်ချက်နှင့်အတူ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံ တင်ပြရမည်ဖြစ်ပါကြောင်း၊ ကန့်ကွက်ခြင်းရှိပါက ကန့်ကွက်လွှာနှင့် တင်ပြလာသည့် အထောက်အထား လက်ခံများကို စိစစ်၍ သဘောထားမှတ်ချက်နှင့်အတူ ပူးတွဲတင်ပြရမည် ဖြစ်ပါကြောင်း။

ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် ကန့်ကွက်ချက်သည် ခိုင်လုံမှုမရှိပါက အမည်ပြောင်းလဲဆောင်ရွက်ရန်အကြောင်းကြားခြင်း၊ ကန့်ကွက်ချက်သည် ငြင်းပယ်ရန် ခိုင်လုံကြောင်း စစ်ဆေးတွေ့ရှိပါက ငြင်းပယ်ကြောင်း အကြောင်းကြားစာပုံစံ(၉-ခ) ထုတ်ပေးနိုင်ရေး အကြောင်းကြားခြင်းကို မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ၁၅ ရက်အတွင်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

အမည်ပြောင်းလဲ ဆောင်ရွက်ပေးရန် အကြောင်းကြားချက်ရရှိလျှင် ၁၅ ရက်အတွင်း မြို့နယ်ဦးစီးဌာနရုံးတွင် လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ရန် ဦးစီးဌာနရုံးတွင် လုပ်ပိုင်ခွင့်ရသူ ၁ ခုအတွက် မှတ်ပုံတင်ကြေးကို မြို့နယ်မြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းစေပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က လယ်ယာမြေလုပ်ပိုင်ခွင့် (ပုံစံ-၇) ပြောင်းလဲပြင်ဆင် ထုတ်ပေးရမည်ဖြစ်ပြီး အမွေဆက်ခံခြင်းကြောင့် လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိသူများ မှတ်ပုံတင်စာရင်းပုံစံ(၅-က)တွင် မှတ်ပုံတင်ထားရမည်ဖြစ်ပါကြောင်း။

ငြင်းပယ်ကြောင်း အကြောင်းကြားချက်ရရှိလျှင် ၁၅ ရက်အတွင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ပုံစံ(၉-ခ)ဖြင့် ငြင်းပယ်ကြောင်း အကြောင်းကြားခြင်းကို ဆောင်ရွက်ရမည်ဖြစ်ပြီး အမွေဆက်ခံခြင်းကိစ္စရပ်များအတွက် အမည်ပြောင်းပေးရန် လျှောက်ထားချက်အပေါ် ငြင်းပယ်ခံရသူများ စာရင်းပုံစံ (၆-ခ)တွင် မှတ်ပုံတင်ထားရှိရမည်ဖြစ်ပါကြောင်း။

လက်ရှိအချိန်တွင်(ပုံစံ-ဂ)ရရှိထားသူ ကွယ်လွန်ပါက အမွေဆက်ခံခွင့်ရှိသူ မိသားစုဝင်များ၏ အမည်ပြောင်းလဲနိုင်ရေးအတွက် အထက်ပါလုပ်ငန်းစဉ်များနှင့်အညီသာ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

မိုးနဲမဲဆန္ဒနယ်မှ စိုင်းထွန်းလင်း၏ **ကျိုင်းတောင်း မြို့ရှိ နောင်တုန်ဟုန်းကန်ကြီးအား တူးဖော်ရှင်းလင်း အဆင့်မြှင့်တင်ခြင်းကို မည်သည့်အချိန်မှစ၍ မည်သို့ ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က နောင်တုန်ဟုန်း (အောင်မင်္ဂလာ)ကန်သည် နှစ်ကာလ သက်တမ်းကြာမြင့်ပြီဖြစ်သဖြင့် သဲနုန်းများ ပို့ချတိမ်ကောကာ ကိုင်းပင်များ ပေါက်ရောက်နေမှုကြောင့် ရေသိုလှောင်နိုင်မှု လျော့နည်းကျဆင်းလျက်ရှိပါကြောင်း၊ ကန်၏ ရေသိုလှောင်နိုင်မှုကျဆင်းလာခြင်းကြောင့် ကန်၏ပတ်ဝန်းကျင် ဒေသနေပြည်သူများ သောက်သုံးရေရယူနေသော ရေတွင်းများတွင် ရေခန်းခြောက်ခြင်း၊ ကန်၏အနောက်ဘက်ရှိ စိုက်ပျိုးမြေ ဧက ၃၀ ခန့်မှာ မိုးစပါးစိုက်ပျိုးရေလုံလောက်မှုမရှိခြင်းများ ဖြစ်ပေါ်လျက်ရှိပါကြောင်း။

ဒေသတွင်း စိုက်ပျိုးရေး သောက်သုံးရေခက်ခဲမှု မရှိစေရေးနှင့် မြို့သာယာလှပရေးအတွက် နောင်တုန်ဟုန်းကန်အတွင်း ရေပိုမိုသိုလှောင်နိုင်ရန် ကန်အတွင်းရှိ သဲနုန်း ၃ ၃ ပေခန့်တူးဖော်ခြင်း၊ ကန်ပေါင်းမြင့်ပြုပြင်ရန် လိုအပ်သောအပိုင်းများကို မြေဖြိုပြုပြင်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းပြီး ကန်ရေပြင်မြင့်တက်လာချိန်တွင် ကန်ပေါင်ကျိုးပေါက်မှု မဖြစ်ပေါ်စေရန် အတွက် ပိုလျှံရေထုတ်နှတ်ပေးနိုင်ရန် ရေထုတ်ပေါက်တစ်ခုတည်ဆောက်ခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ပါကြောင်း။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် နောင်တုန်ဟုန်းကန်အတွင်း လက်ရှိသိုလှောင်နိုင်သည့် ပမာဏ ၁၆ ဧကပေခန့်ရှိရာမှ သိုလှောင်ရေပမာဏ ၄၈ ဧကပေ၊ ဂါလန် သိန်း ၁၃၀ ခန့်ထိ တိုးမြှင့်သိုလှောင်နိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ နောင်တုန်ဟုန်းကန် ပြုပြင်တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၉ ရက်မြောက်နေ့ကို ဇူလိုင် ၂၄ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ပြည်သူ့လွှတ်တော် ရုပ်သံဖိုင်ကြည့်ရန်

■ အထက်ပေါင်းလောင်းမှ

အထက်ပေါင်းလောင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ပြည်ထောင်စုနယ်မြေ ပျဉ်းမနား မြို့၏ အရှေ့ဘက် ၂၆ မိုင်ခန့်အကွာ ပေါင်းလောင်းမြစ်ပေါ်တွင် တည်ဆောက်ထားသည့်ကွန်ကရစ်တမံ (RCC Dam) အမျိုးအစားဖြစ်ပြီး ၂၀၀၄-၂၀၀၅ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ကာ တပ်ဆင်စက်အင်အား စုစုပေါင်း ၁၄၀ မဂ္ဂါဝပ်ဖြင့် နှစ်စဉ် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ ၄၅၄ သန်းကို ထုတ်လုပ်လျက်ရှိပြီး မဟာဓာတ်အားလိုင်းမှ တစ်ဆင့် မြန်မာတစ်နိုင်ငံလုံးသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိသည်။

၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် ဖြစ်ပွားခဲ့သည့် ရာဂီမုန်တိုင်းကြောင့် အထက်ပေါင်းလောင်း ရေလှောင်ကန်အတွင်း ရေအဆမတန် ဝင်ရောက်ခဲ့ခြင်း၊ တမံ၏ ရေပိုလွှဲမှတစ်ဆင့် ရေပမာဏများပြားစွာ ရေကျော်ကျပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ခြင်း၊ တောင်ကျရေနှင့်အတူ သစ်လုံး၊ သစ်တုံးကြီးများ သဲနုန်း၊ ရွှံ့နွံများ များပြားစွာမျှောပါလာခဲ့ခြင်း၊ စက်ရုံအတွင်း ရေဝင်ရောက်မှု ဖြစ်ပွားခဲ့ခြင်း၊ ရေလမ်းကြောင်း ပြောင်းလဲမှုကြောင့် စက်ရုံအောက်ဘက် ဖြစ်ကြောင်းတစ်လျှောက် ဝ၊ ယာ ကမ်းပါးများ ရေတိုက်စားခံခဲ့ရ ရေတိုက်စားမှုမှ ကာကွယ်နိုင်ရန်နှင့် စက်ရုံအဝင်လမ်းဘေးတွင် ရေတိုက်စားခံရရှိပြီဖြစ်ကာ မီးလင်းရန်ကျန်ရှိသည့် ကျေးရွာများအတွက် လျှပ်စစ်ဓာတ်အား အမြန်ဆုံးဖြန့်ဖြူးပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မတ္တရာမြို့နယ် ဘိုကုန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ကျောင်းသား ကျောင်းသူများအား အာဟာရဖြည့်စွက်စာ ကျွေးမွေးနေမှု၊ ကျောင်းဧရိယာအတွင်း ကျောင်းသား ကျောင်းသူများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုနှင့် အေးချမ်းပျော်ရွှင်စွာ ပညာသင်ယူနေမှုတို့ကို ကြည့်ရှုအားပေးသည်။ ယင်းနောက် ဟုသိမ်ကြီး မြို့နယ် ရွှေကျင်ဂိတ်တွင် လူမျက်နှာ မှတ်သားသိရှိမှု စနစ် (Face Recognition System- FRS) တပ်ဆင်ပြီးစီး၍ လုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



အမှိုက်စစ်ဆန်ခါ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

❖ မတ္တရာမြို့နယ်မှ

ယနေ့တွင် မတ္တရာမြို့နယ် ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများမှ လျှပ်စစ်ဓာတ်အားလွတ်ပေးခြင်းအခမ်းအနားကို အဆိုပါဓာတ်အားခွဲရုံ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

လက်ရှိတွင် မတ္တရာမြို့နယ် တောင်ပြုံးဓာတ်အားခွဲရုံနှင့် မတ္တရာဓာတ်အားခွဲရုံတို့မှတစ်ဆင့် ထရန်စဖော်မာ ၁၂၆ လုံးဖြင့် ဓာတ်အားဖြန့်ဖြူးနေပြီး ဒေသခံပြည်သူ ၁၂၀၀၉ ဦးတို့သည် လျှပ်စစ်ဓာတ်အားပြန်လည်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ တောင်သူလယ်သမားများဘဝဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းမှ တာဝန်ရှိသူများနှင့် မြန်မာ့လက်ရွေးစင်အားကစားသမားဟောင်းများအား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၃

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်အတူ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၈)ရက်မြောက်နေ့သို့ လာရောက်လေ့လာသည့် တောင်သူလယ်သမားများဘဝ ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းများအား ယနေ့မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော်(C)ဆောင် ဒုတိယထပ်ရှိ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ဦးစွာ တောင်သူလယ်သမားများဘဝ ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းနှင့် မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းများက ဆောင်ရွက်နေသည့် လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏လုပ်ငန်းစဉ်များ၊ ဥပဒေပြုရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ လွှတ်တော်အတွင်းဆောင်ရွက်နေမှုများကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လွှတ်တော်၏ လုပ်ငန်းတာဝန်များသည် ကျယ်ပြန့်များပြားပါကြောင်း၊ အဆိုပါ လုပ်ငန်းတာဝန်များ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် အထောက်အကူပြုနိုင်ရန် ကော်မတီ ၂၂ ခု ဖွဲ့စည်းထားပါကြောင်း၊ အဆိုပါ ကော်မတီများတွင် တောင်သူလယ်သမားရေးရာ ကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဆိုင်ရာ ကော်မတီများလည်း ပါဝင်ပါကြောင်း၊ ထို့ကြောင့် ယခုတက်ရောက်လာသူများအနေဖြင့် မိမိတို့၏ အခက်အခဲ၊ ဆောင်ရွက်လိုသည့်ကိစ္စရပ်များကို လွှတ်တော်မှ ဆောင်ရွက်ပေးနိုင်ရေးအတွက် အဆိုပါကော်မတီများဖြင့် ဆက်သွယ်တင်ပြနိုင်ပါကြောင်း၊ မိမိတို့ လွှတ်တော်များသည် တောင်းဆိုသူပြည်သူများနှင့် ဆောင်ရွက်ပေးရမည့် အစိုးရအကြား ပေါင်းကူးပေးရသည့် နေရာဖြစ်ပါကြောင်း၊ မိမိတို့၏အခက်အခဲများကို တင်ပြ ဆောင်ရွက်နိုင်ရန်အတွက် လွှတ်တော်က အမြဲတံခါးဖွင့်ကြိုဆိုလျက်ရှိပါကြောင်း၊ ယခုကဲ့သို့ မိမိတို့လွှတ်တော်အား လာရောက်လေ့လာသည့် အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ တောင်သူလယ်သမားများဘဝဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းမှ တာဝန်ရှိသူများနှင့် မြန်မာ့လက်ရွေးစင်အားကစားသမားဟောင်းများအား လက်ခံတွေ့ဆုံစဉ်။



မွန်းလွဲပိုင်းတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ ကျိုက်လတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ကြီးက ၎င်းကိုယ်တိုင်ရေးသားပြီး စာပေဗိမာန်စာမူဆုနှင့် ပခုက္ကူ ဦးအုန်းဖေ စာမူဆုရရှိသည့် စာအုပ်များက လွှတ်တော်စာကြည့်တိုက်များအတွက် ပေးအပ်လှူဒါန်းမှုကို လက်ခံခဲ့ပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

စာအုပ်လှူဒါန်းပွဲသို့ ပြည်သူ့လွှတ်တော်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

> ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ကျိုက်လတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်ကြီးမှ လှူဒါန်းသည့် စာအုပ်များကို လက်ခံရယူစဉ်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံ တိုင်ကြားနိုင်ပါကြောင်း ပြည်သူသို့ အသိပေးခြင်း

၁။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် နိုင်ငံသားများ၏ လူ့အခွင့်အရေး ဖောက်ဖျက်ခံရမှုများနှင့်စပ်လျဉ်းသည့် တိုင်တန်းချက်များကို စုံစမ်းစစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိရာ နိုင်ငံသားတစ်ဦးသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် ဥပဒေပါအခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ ကျွန်ုပ်လူ့အခွင့်အရေး ကြေညာစာတမ်းပါ အခွင့်အရေးများ ဖောက်ဖျက်ခံရခြင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေး၊ အမျိုးသမီး အခွင့်အရေး ဖောက်ဖျက်ခံရခြင်း၊ နိုင်ငံတော်က လက်ခံထားသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး သဘောတူစာချုပ်များတွင်ပါရှိသည့် လူ့အခွင့်အရေးများကို ဖောက်ဖျက်ခြင်းခံရပါက မိမိကိုယ်တိုင်နှင့် အခြားသူတစ်ဦးအတွက်သော်လည်းကောင်း၊ လူတစ်စုကို ကိုယ်စားပြု၍သော်လည်းကောင်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေပုဒ်မ ၃၀ အရ ကော်မရှင်သို့ တိုင်ကြားနိုင်ပါသည်။

၂။ တိုင်ကြားမှုကို ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ အမှတ် (၂၇)၊ (၆) မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့နှင့် နေပြည်တော်၊ မန္တလေး၊ စစ်တွေ၊ ပုသိမ်မြို့များရှိ ကော်မရှင်ရုံးခွဲများသို့ လိပ်မူ၍ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ ဖက်စ်နံပါတ် ၀၁၈-၆၅၄၆၇၈ သို့ဖြစ်စေ၊ e-mail လိပ်စာ info@mnhrc.org.mm သို့ဖြစ်စေ အောက်ပါအချက်များ (အားလုံး) ပြည့်စုံစွာ ဖော်ပြ တိုင်ကြားနိုင်ပါသည်–

(က) တိုင်ကြားသူ၏ အမည်၊ အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံ၊ (ဆက်သွယ်ရန် ဖုန်း၊ ဖက်စ်နှင့် e-mail တို့ရှိလျှင် ထည့်သွင်းဖော်ပြရန်)

(ခ) တိုင်ကြားသူသည် မည်ကဲ့သို့ လူ့အခွင့်အရေး ဖောက်ဖျက်ခံရပြီး နစ်နာဆုံးရှုံးကြောင်း ပြည့်စုံစွာဖော်ပြချက်၊ လိုအပ်ပါက မှတ်တမ်းဓာတ်ပုံနှင့် အထောက်အထားမိတ္တူများ ပူးတွဲလျက်ပေးပို့ရန်၊

(ဂ) တိုင်ကြားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ မဖြစ်မနေ ပူးတွဲပေးပို့ရန်၊

(ဃ) တိုင်ကြားချက်ပါ အကြောင်းအရာများ မှန်ကန်ကြောင်း တိုင်ကြားသူမှ လက်မှတ်ရေးထိုးပေးပို့ရန်။

၃။ ကော်မရှင်သည် တိုင်တန်းချက်များနှင့် စပ်လျဉ်း၍ စိစစ်ပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေအရ တရားရုံးတစ်ခုခု၏ ရှေ့မှောက်၌ စစ်ဆေးကြားနာဆဲအမှုများ၊ အယူခံမှု သို့မဟုတ် ပြင်ဆင်မှုဝင်ရောက်ဆဲအမှုများနှင့် အပြီးသတ် စီရင်ဆုံးဖြတ်ပြီးသော အမှုများမှအပ ကော်မရှင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။



မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့သို့ ပြည်သူများ တက်ရောက်လေ့လာ

နေပြည်တော် ဇူလိုင် ၂၄

တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ အဆိုပါအစည်းအဝေးသို့ ပြည်ထောင်စုနယ်မြေရှိ မြို့နယ် ရှစ်မြို့နယ်မှ လေ့လာသူ ၃၁၈ ဦး တက်ရောက်လေ့လာခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ကျောက်တံတားမြို့နယ်၌ မြန်မာ့အာမခံလုပ်ငန်းနှစ်ပတ်လည်အစည်းအဝေးကျင်းပ

ကျောက်တံတား ဇူလိုင် ၂၃

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်တွင် မြန်မာ့အာမခံလုပ်ငန်း၊ မြန်မာ့အာမခံ ငွေစုငွေချေး သမဝါယမအသင်းလိမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယမန်နေ့က ကုန်သည်လမ်းရှိ အသင်းရုံးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာ့အာမခံလုပ်ငန်း၊ မြန်မာ့အာမခံငွေစုငွေချေး သမဝါယမအသင်းလိမိတက်ဥက္ကဋ္ဌ ဒေါ်စုစုသန်းက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန္ဒာအေးဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် အသင်းစာရင်းစစ်အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းနှင့် ရှေ့လုပ်ငန်းစဉ်များကို အသင်းအတွင်းရေးမှူး ဒေါ်မေသန္တာက ဖတ်ကြားအတည်ပြုချက်ရယူသည်။ အစည်းအဝေးအပြီး တွင် အသင်းသားများအား အစည်းအဝေးစရိတ်နှင့် စုဆောင်းငွေပေါ်အတိုး ၁၀၅၂၄၇၆ ကျပ်ကို အချိုးကျခွဲဝေ ထုတ်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

သန့်ရှင်းသော စွမ်းအင်မှသည် အစိမ်းရောင်ကမ္ဘာဆီသို့

ရွှေယွန်း

ဟိုတယ်ခန်းမကျယ်ကြီးအတွင်း စုရုံးရောက်ရှိနေသူများက ဆွေးနွေးပွဲစတင်မည့်အချိန်ကို တိတ်ဆိတ်စွာ စောင့်ဆိုင်းနေကြသည်။ ခန်းမအတွင်း မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာ အသင်းချုပ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့မှ ပညာရှင်များ၊ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ပြည်တွင်း/ ပြည်ပ ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြား ထားသူများ စုံလင်စွာ စုရုံးတက်ရောက်ကြသည်။

တက်ရောက်လာကြသူများအနေဖြင့် ကဏ္ဍအလိုက် ပွင့်ပွင့်လင်းလင်း ပါဝင်ဆွေးနွေးနိုင်ရန် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးက ဆွေးနွေးပွဲအစ အဖွင့်အမှာစကားဖြင့် ဖိတ်ခေါ်ကမ်းလှမ်းခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက “ပြည့်ဖြိုးမြဲ စွမ်းအင် နေရောင်ခြည်စွမ်းအင်နဲ့ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်ကြရာမှာ ဝန်ကြီးဌာနအနေဖြင့် အစဉ်အမြဲ အားပေးကူညီသွားမယ်။ လုပ်ငန်းလုပ်ဆောင်ရာမှာ အခက်အခဲတွေကို ဖြေရှင်းရာမှာ နိုင်ငံတော်က လျှပ်စစ်နှင့် စွမ်းအင် ကဏ္ဍဆိုင်ရာ မူဝါဒ၊ လုပ်ထုံးလုပ်နည်းတွေကို ချမှတ်ပြီးသားဖြစ်တဲ့အတွက် တိကျတဲ့လုပ်ထုံးလုပ်နည်းအောက်ကနေ လုပ်နည်းလုပ်ဟန်အမျိုးမျိုးနဲ့ အောင်မြင်စေဖို့ ကြိုးပမ်းအကောင်အထည် ဖော်သွားကြရမှာဖြစ်ပါတယ်။ လုပ်နည်းလုပ်ဟန်ဆိုတာမှာ နိုင်ငံတော်နဲ့ ပြည်သူအပေါ် စေတနာထားမှု၊ လုပ်ငန်းအပေါ် စိတ်ဝင်စားမှု၊ လွဲလှယ်ဝီရိယစိုက်ထုတ်မှု၊ အတတ်ပညာပြည့်စုံမှုတို့ကို အခြေခံပြီး ဖြစ်ပေါ်လာခြင်းဖြစ်ပါတယ်”ဟုလည်း အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ဆွေးနွေးမှုများစတင်သည်နှင့် တက်ရောက်လာကြသူများက ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို သဘာဝပတ်ဝန်းကျင်ပျက်စီးမှုမရှိဘဲအထောက်အကူဖြစ်စေသော စွမ်းအင် သို့မဟုတ် ကုန်ခန်းခြင်းမရှိသည့် ပြည့်ဖြိုးမြဲစွမ်းအင် နေရောင်ခြည် စွမ်းအင်ဖြင့် ဖော်ဆောင်နိုင်ရေးအတွက် တက်ကြွစွာ ဘက်စုံထောင့်စုံမှ ပါဝင်ဆွေးနွေးကြသည်။ ခေါင်းစဉ်အလိုက် ဆွေးနွေးခြင်း၊ အပြန်အလှန်မေးမြန်းဆွေးနွေးခြင်းတို့ဖြင့် ဆွေးနွေးပွဲရည်ရွယ်ချက်ဆီ ချဉ်းကပ်ဆွေးနွေးနိုင်ခဲ့ကြသည်။

အလုပ်ရုံဆွေးနွေးပွဲကို “သန့်ရှင်းသော စွမ်းအင်မှသည် အစိမ်းရောင်ကမ္ဘာဆီသို့” ခေါင်းစဉ်ဖြင့် ဇူလိုင် ၁၅ ရက်က နေပြည်တော် ဒဂ္ဂိဏာသီရိမြို့နယ်ရှိ Horizon Lake View Resort ၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှုတွင် ဆိုလာဓာတ်အားစနစ် သိသာစွာတိုးမြှင့်ပါဝင်လာစေရန် အဓိကရည်ရွယ်သည်။ ထိုသို့ရည်ရွယ်ဆောင်ရွက်ရသည့် အကြောင်းရင်းမှာ စွမ်းအင်လုံခြုံရေးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝမြင့်မားရေးနှင့် များစွာသက်ဆိုင်နေသည့်အတွက်ဖြစ်သည်။

စွမ်းအင်လုံခြုံရေး အကောင်အထည်ဖော်ရာတွင် စွမ်းအင်အရင်းအမြစ်များစွာရှိသော်လည်း ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများကြောင့် ကျောက်မီးသွေးနှင့် ရေနံကဲ့သို့သော ရုပ်ကြွင်းလောင်စာများကို အကန့်အသတ်ဖြင့် ထုတ်ယူသုံးစွဲကြမည့် အချိန်အခါ၊ ကမ္ဘာ့စွမ်းအင်ဈေးနှုန်း မတည်ငြိမ်မှုများကလည်း ရေရှည်စွမ်းအင်လုံခြုံရေးအတွက် စဉ်းစားရမည့် အချိန်အခါဖြစ်နေသည်။ ပြန်လည်ပြည့်ဖြိုးမြဲ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာဓာတ်အားစနစ်ဖော်နိုင်ရန်အတွက် မြန်မာနိုင်ငံတွင် အရင်းအမြစ်များစွာ တည်ရှိပြီးသားဖြစ်သည်။

ထို့ကြောင့် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ လုပ်ငန်းရှင်များ စုဆုံပါဝင်သည့် နေရောင်ခြည်စွမ်းအင်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲမှတစ်ဆင့် “ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်” မျက်နှာစာသစ်ဖြင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးကို အားစိုက်ဖော်ဆောင်နိုင်ရန် ခြေလှမ်းစတင်ခြင်းဖြစ်သည်။

ပါဝင်တက်ရောက်ကြသူများက ဆွေးနွေးပွဲအစမှ အဆုံးအထိ ကဏ္ဍအလိုက် မျှဝေဆွေးနွေးမှုများကို စိတ်ပါဝင်စားစွာနားထောင်ပြီး အပြန်အလှန် ဆွေးနွေးမှုများဖြင့် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှုတွင် ဆိုလာဓာတ်အားစနစ် သိသာစွာတိုးမြှင့်ပါဝင်လာရေးဆီ ချဉ်းကပ်ဆွေးနွေးကြသည်။ အားသာချက်များကို ဆွေးနွေးခဲ့ကြသလို အားနည်းချက်များကို ဖြေရှင်းနိုင်မည့် အခြေအနေ

> **“နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစွမ်းအင်စနစ်သည် အခြားသောဓာတ်အားပေးစနစ်များနှင့်နှိုင်းယှဉ်ပါက စီမံကိန်းကာလတိုတောင်းခြင်း၊ နိုင်ငံတော်ဓာတ်အားစနစ်အတွင်းသို့ စနစ်တကျ ချိတ်ဆက်ထည့်သွင်းနိုင်ရုံသာမက ဝေးလံခေါင်သီသောဒေသများတွင်ပါ တစ်ဦးချင်း (သို့မဟုတ်) အစုအဖွဲ့အလိုက် ကဏ္ဍစုံအသုံးပြုနိုင်ခြင်းနှင့် ကာဗွန်ထုတ်လွှတ်မှုကင်းစင်၍ သန့်ရှင်းသော စွမ်းအင် (Clean & Green Energy) ဖြစ်ပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှုကင်းစင်ခြင်း စသည့် အကျိုးကျေးဇူးများစွာရှိခြင်းကြောင့် မိမိတို့နိုင်ငံအတွက် အထူးသင့်တော်”**

အစုအဖွဲ့လိုက်ဖြစ်စေ မိမိတို့အစီအစဉ်ဖြင့် Solar Home System စနစ်အား တပ်ဆင်အသုံးပြုနိုင်ရေးကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက နည်းလမ်းနှစ်ခုဖြင့် အားပေးဆောင်ရွက်လျက်ရှိသည်ကို ဆွေးနွေးမှုများမှ သိရသည်။

ထို့ပြင် ဆွေးနွေးပွဲတွင် အသစ်အသစ် ပေါ်ထွန်းလာသော ဆိုလာပြားမျိုးဆက်များ၊ နည်းပညာများတွင်တပ်ဆင်သည့် Solar PV Roof Top System ဒီဇိုင်းများ၊ လက်တွေ့လုပ်ငန်းအတွေ့အကြုံများလည်း ပါဝင်သည်။

ထို့အတူ ဘက်ထရီသိုလှောင်မှုစနစ်မပါဘဲ မဟာဓာတ်အားလိုင်းဖြင့် ချိတ်ဆက်သည့် Grid-Tied System၊ မဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်ခြင်းမပြုဘဲ ဆိုလာနှင့်ဘက်ထရီ ပေါင်းစပ်ထားသည့် မဟာဓာတ်အားလိုင်းပြင်ပရှိ Off- Grid System နှင့် အဆိုပါနှစ်ခု (သို့မဟုတ်) အခြားဓာတ်အားထုတ်လုပ်မှုကိုပါ ပေါင်းစပ်ထားသည့် Hybrid System များအဖြစ် ကျယ်ပြန့်စွာ အသုံးပြုနည်းတို့ကို စေ့စေ့စုံစုံ ပိုင်းဝန်းဆွေးနွေးပေးခဲ့ကြသည်။

ဆိုလာပြားများသည် ဆီလီကွန်ဆဲလ်များဖြင့် ဖွဲ့စည်းထားပြီး နေရောင်ခြည်ကို လျှပ်စစ်အဖြစ် ပြောင်းလဲပေးနိုင်သော မြင့်မားသည့် စွမ်းဆောင်ရည်ကို ပိုင်ဆိုင်ထားသည်။ သက်တမ်းအားဖြင့် အနှစ် ၂၀ မှ ၂၅ နှစ်အထိ ခိုင်ခံ့သည်။ သို့သော် ဆိုလာပြားများ သက်တမ်းကုန်လွန်သွားသည့်အခါ အလွှာလိုက် ကော်ဖြင့်ကပ်ထားသဖြင့် ခွဲထုတ်ရန် ခက်ခဲပြီး Lead နှင့် Cadmium ကဲ့သို့ အဆိပ်ရှိသော သတ္တုအနည်းငယ်ပါဝင်သဖြင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် စနစ်တကျ စွန့်ပစ်ရန် လိုအပ်သည်။ ထို့ကြောင့် စနစ်တကျစွန့်ပစ်ခြင်း၊ ပြန်လည်အသုံးပြုခြင်း (Recycling Process) တို့နှင့် စပ်လျဉ်းသည့် အသေးစိတ်ဆွေးနွေးမှုများ၊ ကနဦး ပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများကိုလည်း ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

တစ်နေ့တာ ဆွေးနွေးပွဲဖြစ်သော်လည်း တက်တက်ကြွကြွဖြင့် ဆွေးနွေးပွဲအစမှ အဆုံးတိုင် တက်ရောက်လာကြသူများက ဟိုတယ်ခန်းမကြီး အပြည့် ပါဝင်တက်ရောက်ပြီး ဘက်စုံကဏ္ဍစုံမှ အမြင်သဘောထားများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးမှုများကို ခြုံငုံကြည့်သည့်အခါ အားလုံးက လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှုတွင် ဆိုလာဓာတ်အားစနစ် သိသာစွာ တိုးမြှင့်

> **“စွမ်းအင်လုံခြုံရေး အကောင်အထည်ဖော်ရာတွင် စွမ်းအင်အရင်းအမြစ်များစွာရှိသော်လည်း ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုများကြောင့် ကျောက်မီးသွေးနှင့် ရေနံကဲ့သို့သော ရုပ်ကြွင်းလောင်စာများကို အကန့်အသတ်ဖြင့် ထုတ်ယူသုံးစွဲကြမည့် အချိန်အခါ၊ ကမ္ဘာ့စွမ်းအင်ဈေးနှုန်း မတည်ငြိမ်မှုများကလည်း ရေရှည်စွမ်းအင်လုံခြုံရေးအတွက် စဉ်းစားရမည့် အချိန်အခါဖြစ်နေသည်။ ပြန်လည်ပြည့်ဖြိုးမြဲ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာဓာတ်အားစနစ်ဖော်နိုင်ရန်အတွက် မြန်မာနိုင်ငံတွင် အရင်းအမြစ်များစွာ တည်ရှိပြီးသားဖြစ်”**

Quality) ကို ကောင်းမွန်စေရန် အသုံးပြုသည့် အဆင့်မြင့်ပါဝါအီလက်ထရွန်နစ် နည်းပညာဖြစ်သည်။

ထို့ပြင် ပြည်သူများ၏ နေအိမ်တစ်အိမ်ချင်းစီတွင် အသုံးပြုသည့် Solar Home System အကြောင်းကိုလည်း ဆွေးနွေးခဲ့ကြသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ Solar Home System များကို ကျယ်ပြန့်စွာအသုံးပြုနိုင်ရေး ပံ့ပိုးဆောင်ရွက်ပေးနိုင်သည့်အချက်များ၊ ဒီဇိုင်းပြုလုပ်ပုံများ၊ တပ်ဆင်အသုံးပြုနေမှုအခြေအနေ၊ နေအိမ်မြင့်မားလာသော ဘက်ထရီစနစ်များ၊ စက်ရုံ၊ အလုပ်ရုံသုံး ဆိုလာစနစ်များ၊ နေရောင်ခြည်စွမ်းအင်သုံး စက်ရုံများက သမားရိုးကျထုတ်လုပ်မှုအပေါ် ဖြစ်ပေါ်နိုင်သော သက်ရောက်မှုနှင့် ဖြေရှင်းရန် နည်းလမ်းများ၊ ဓာတ်အားစနစ်ကို တည်ငြိမ်စွာ ထိန်းသိမ်းမောင်းနှင်နိုင်ရေး လိုအပ်ချက်များနှင့် ဖြေရှင်းဆောင်ရွက်ရန်အချက်များကို အသေးစိတ် ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် Static Var Generator (SVG) နည်းပညာလေ့လာအကြံပြုချက်များက ဆိုလာစွမ်းအင်စနစ်ကို အဆင့်မြင့်စွာအသုံးပြုနိုင်ရန် အရေးပါသည့် နည်းပညာဖြစ်သည်။ Static Var Generator (SVG) နည်းပညာသည် လျှပ်စစ်ဓာတ်အားစနစ်များတွင် Power Factor (PF) ကို မြှင့်တင်ရန်နှင့် ပါဝါအရည်အသွေး (Power

ပါဝင်လာစေရေးကို ဦးတည်ခဲ့ကြသည်။

ဆွေးနွေးပွဲမှရရှိခဲ့သည့် ဆွေးနွေးချက်များ၊ အကြံပြုချက်များက နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်အပါအဝင် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များဖြင့် နိုင်ငံ၏စွမ်းအင်လုံခြုံရေးကို ဖြည့်ဆည်းပေးနိုင်မည့် ခြေလှမ်းအစဖြစ်သည်။ ဆွေးနွေးချက်များ၊ အကြံပြုချက်များကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အားလုံးပါဝင်ဆောင်ရွက်ကြခြင်းဖြင့် ရှေ့သို့လှမ်းချီကြရမည်ဖြစ်ပါကြောင်း တင်ပြရေးသားလိုက်ရပါသည်။ ။

မြန်မာနိုင်ငံနှင့် UNFPA တို့အကြား ရှေ့ဆက်ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ တွေ့ဆုံဆွေးနွေး



နေပြည်တော် ဇူလိုင် ၂၃

အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးသည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့(UNFPA) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr.Jaime Nadal Roig အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနရုံး အမှတ်(၁)၌ လက်ခံတွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် UNFPA တို့အကြား ရှေ့ဆက်လက် ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရွှေလီမြို့၌ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပ



နေပြည်တော် ဇူလိုင် ၂၃

တရုတ်ပြည်သူ့သမ္မတ နိုင်ငံယူနန်ပြည်နယ် ရွှေလီမြို့၌ မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ယမန်နေ့နံနက်ပိုင်းက Jiegao International Jade & Jewelry Trade Center၌ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်ဦးနှင့် ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Wang Yubo တို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Wang Yubo က အဖွင့်အမှာစကား ပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးဆန်ဦးက မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပရခြင်းရည်ရွယ်ချက်များနှင့် နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုတိုးမြှင့်ဆောင်ရွက်ရေး ဆိုင်ရာများကို ရှင်းလင်းပြောကြားကာ ပြည်ထောင်စုဝန်ကြီးနှင့် ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူးတို့က မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ဖွင့်လှစ်ပေးကြပြီး ခင်းကျင်းပြသထားသော ကျောက်စိမ်းအရိုင်းတွဲများကို လှည့်လည်ကြည့်ရှုသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲကို Jiegao International Jade & Jewelry Trade Center၌ ဇူလိုင် ၂၂ ရက်မှ ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

ဆွေးနွေး

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် Jincheng Dihai ဟိုတယ်၌ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Wang Yubo နှင့်အဖွဲ့အား လက်ခံတွေ့ဆုံပြီး ကျောက်မျက်ပြပွဲကျင်းပရေးနှင့် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးကြကြောင်း သိရသည်။

သတင်းစဉ်

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေး ခန္တီးမြို့ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

မုံရွာ ဇူလိုင် ၂၃

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးကိုလေးသည် တိုင်းဒေသကြီးဝန်ကြီးများနှင့် အတူယမန်နေ့နံနက်ပိုင်းတွင် ခန္တီးမြို့နယ် ပေါ်ခိုင်းအုပ်စု အောင်သာကျေးရွာ ကွင်းအမှတ်-၄ ၌ ကျင်းပသည့် ဒေသခံတောင်သူများအား စပါးမျိုးစေ့နှင့် ဆေးဖျန်းပုံးများ ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားပြီး ဒေသခံတောင်သူများထံ ဆင်းကရီ-၃ စပါးမျိုးစေ့များနှင့် ဆေးဖျန်းပုံးများ ပေးအပ်သည်။

ထို့နောက် မျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြသမှုကို ကြည့်ရှုအားပေးပြီး ခန္တီးမြို့ ပေါ်ခိုင်းရပ်ကွက်ရှိ နိုင်ငံစီးပွားဖြစ်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ဦးဘစိန်၏ နွားမွေးမြူခြံ၌ မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံအမှာစကား ပြောကြားကာ ကြက်မဲနှင့် ဒေသကြက်များအား ဥဖောက်စက်များဖြင့် ကြက်အကောင်ဖောက်မွေးမြူထားရှိမှုကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် အစိုးရစက်မှု၊ လက်မှုသိပ္ပံ(ခန္တီး)၌ ကျောင်းသား ကျောင်းသူများ၏ EP/EC လက်တွေ့သင်ကြားနေမှုများနှင့် စာကြည့်တိုက်၊ ခန္တီးမြို့ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၏ အိမ်တွင်းမှုစက်ချုပ်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေမှု၊ ခင်းကျင်းပြသထားသော သင်တန်းသူများကိုယ်တိုင်ချုပ်လုပ်ထားသည့် အဝတ်အထည်များ၊ လက်မှုပစ္စည်းများ၊ ခန္တီးမြို့နယ် အတွင်းရှိ ဒေသခံပြည်သူများ မိသားစုဝင်ငွေရရှိစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်အတွက် အခြေခံ၊ အဆင့်မြှင့် အိမ်တွင်းမှု စက်ချုပ်သင်တန်းဖွင့်လှစ်သင်ကြားပေးနေမှု၊ သင်တန်းသူ အိပ်ဆောင်၊ ထမင်းစားဆောင်၊ စာကြည့်တိုက်၊ ခန္တီးမြို့ ချင်းတွင်းမြစ်ကမ်းဘေးရှိမဏ္ဍပန်းခြံ သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် နာတိုက်ကျေးရွာရှိ တောင်သူ ဦးစိုင်းနောင် စိုက်ပျိုးထားရှိသည့် လက်ဖက်ပင်များ စိုက်ပျိုးထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

သူနာပြုတက္ကသိုလ်(ရန်ကုန်)၌ Interprofessional Education ကွင်းဆင်းတွေ့ရှိချက်များ ဆွေးနွေးတင်ပြခြင်း အခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၂၃

သူနာပြုတက္ကသိုလ်(ရန်ကုန်)မှ ပထမနှစ် သူနာပြုတက္ကသိုလ် ကျောင်းသား ကျောင်းသူများက သူနာပြုတက္ကသိုလ်(ရန်ကုန်) သင်ရိုးညွှန်းတမ်းပါ Interprofessional Education (IPE) ဘာသာရပ် အထောက်အကူပြုစေရန်အတွက် ကွင်းဆင်းလေ့လာမှုများ ဆောင်ရွက်ခဲ့ပြီး ကွင်းဆင်းတွေ့ရှိချက်များ ပြန်လည်ဆွေးနွေးခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ်၌ ကျင်းပသည်။

အခမ်းအနားတွင် သူနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(သင်ကြား) ပါမောက္ခ ဒေါက်တာ ဝေဝေဦးက အမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူများက ကွင်းဆင်းလေ့လာတွေ့ရှိချက်များကို အဖွဲ့လိုက်တင်ပြကြရာ ဌာနမှူးများ၊ ဆရာ ဆရာမများက ဖြည့်စွက်ဆွေးနွေးကြသည်။

အစီအစဉ်အရ ပထမနှစ်သူနာပြုတက္ကသိုလ်မှ ကျောင်းသားကျောင်းသူ ၂၀၄ ဦးတို့က ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်အတွင်းရှိပြည်သူ့ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာနများသို့ ကွင်းဆင်းလေ့လာမှုများ ဆောင်ရွက်ခဲ့ကြပြီး ကွင်းဆင်းတွေ့ရှိချက်များကို မှတ်တမ်းတင်ခြင်း၊ Interprofessional Education ၏ အဓိကအချက်များကို ပို့စတာများဖန်တီးထုတ်လုပ်ခြင်း၊ ဗီဒီယိုရိုက်ကူးတင်ပြခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



လပွတ္တာမြို့နယ်၌ စားအုန်းဆီရောင်းချနေမှု ကြည့်ရှုစစ်ဆေး



လပွတ္တာ ဇူလိုင် ၂၃

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်အတွင်းရှိ ရပ်ကွက်များ၌ စားအုန်းဆီဝယ်ယူခွင့်စာအုပ်ဖြင့် ရောင်းချပေးနေမှုများကို တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကြည့်ရှုစစ်ဆေးသည်။

လပွတ္တာမြို့နယ် ထွေ/အုပ်၊ စားသုံးသူရေးရာဦးစီးဌာန၊ စည်ပင်နှင့် လက်ကားကိုယ်စားလှယ်များ ပူးပေါင်းကာ မြို့ပေါရပ်ကွက် ၁၀ ခုတို့မှ လက်လီဈေးဆိုင်များတွင် စားအုန်းဆီဝယ်ယူခွင့်စာအုပ်ဖြင့် သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ရောင်းချမှု ရှိ/မရှိ၊ အလေးချိန် မှန်ကန်မှု ရှိ/မရှိ နှင့် ရရှိသောဆီပိသာချိန်များကို ပြည်သူများထံ အမှန်တကယ် ရောင်းချမှု ရှိ/မရှိတို့ကို စစ်ဆေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

သက်ကြီးရွယ်အိုများ နေပိုင်းစောင့်ရှောက်ရေးဂေဟာ(နေပြည်တော်) ဖွင့်လှစ်



နေပြည်တော် ဇူလိုင် ၂၃

သက်ကြီးရွယ်အိုများ နေပိုင်းစောင့်ရှောက်ရေး ဂေဟာတွင် လာရောက်ပြီး ဝန်ဆောင်မှုရယူမည့် သက်ကြီးပုဂ္ဂိုလ်များအား အခြေခံကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုရေးဝန်ဆောင်မှု၊ အပန်းဖြေအနားယူမှုနှင့် မိမိ၏ အသိပညာများ ပြန်လည်ဝေမျှပေးနိုင်မှု၊ ဝါသနာပါရာလုပ်ငန်းများ ဆောင်ရွက်နိုင်မှုစသည့် ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးသွားရန်၊ ဝန်ဆောင်မှုပေးမည့် ဝန်ထမ်းများ အနေဖြင့် စေတနာ၊ ဝါသနာနှင့် ကရုဏာတို့ဖြင့် သက်ကြီးပုဂ္ဂိုလ်များကို မိမိတို့၏ မိဘဘိုးဘွားများကဲ့သို့ ခွေးထွေးစွာ ပြုစုစောင့်ရှောက်ပေးကြရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာစိုးဝင်းက ယနေ့နံနက် ပိုင်းတွင် နေပြည်တော် ဓမ္မာသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် နေပြည်တော် ကလေးပြုစုစောင့်ရှောက်ရေးဌာနခွဲ ကျင်းပသည့် သက်ကြီးရွယ်အိုများ နေပိုင်းစောင့်ရှောက်ရေး ဂေဟာ (နေပြည်တော်) ဖွင့်ပွဲတွင် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးကံမြင့်သန်းတို့က ဂေဟာကို ဖွင့်လှစ်ပေးကြပြီး ဖွင့်ပွဲတက်ရောက်သည့် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီဝင်များ၊ ဌာနဆိုင်ရာများနှင့်အတူ သက်ကြီးပုဂ္ဂိုလ်များ၏ လူပ်ရှားဆောင်ရွက်မှုများကို ကြည့်ရှုအားပေးကြသည်။

သက်ကြီးရွယ်အိုများ နေပိုင်းစောင့်ရှောက်ရေးဂေဟာကို ၂၀၁၃ ခုနှစ်တွင် ရန်ကုန်မြို့၌ စံနမူနာပြအဖြစ် ပထမဆုံး ဖွင့်လှစ်ခဲ့ပြီး ယနေ့ နေပြည်တော်၌ ဖွင့်လှစ်သည့် ဂေဟာသည် ဒုတိယမြောက် ဖွင့်လှစ်နိုင်ခဲ့သည့် ဂေဟာဖြစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Jaime Nadal Roig အား ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံပြီး ဝန်ကြီးဌာနနှင့် UNFPA အကြား လက်မှတ်ရေးထိုးဆောင်ရွက်ခဲ့သော ကျား/မ တန်းတူညီမျှရေးနှင့် အမျိုးသမီးများ စွမ်းဆောင်ရည်မြင့်မားရေး (Gender Equality and Women's Empowerment – GEWE) လုပ်ငန်းအစီအစဉ်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့မှုနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်းများတွင်ဆက်လက်ပူးပေါင်း ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



တိုင်းရင်းသားရေးရာ အသိပညာပေးဆွေးနွေး

အေးသာယာ ဇူလိုင် ၂၃

ရှမ်းပြည်နယ်(တောင်ပိုင်း) အေးသာယာမြို့တွင် တိုင်းရင်းသားရေးရာ အသိပညာပေးဟောပြောခြင်းနှင့် ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာလိုအပ်ချက်တို့အား ဆန်းစစ်စီမံခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နောင်အင်ပရိယတ္တိစာသင်တိုက်ဘုန်းကြီးကျောင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး တက်ရောက်အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ရှမ်းပြည်နယ် ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးက တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်ရေး ဥပဒေနှင့် နည်းဥပဒေများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက်ပြည်နယ်ဝန်ကြီးချုပ်ကတက်ရောက်လာသည့် တိုင်းရင်းသားများထံ ပံ့ပိုးပစ္စည်းများ ပေးအပ်ပြီး တာဝန်ရှိသူများက မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ လူကုန်ကူးမှု ကာကွယ်တားဆီးရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကလေးအလုပ်သမားများ ဖယ်ရှားရေးဆိုင်ရာကိစ္စရပ်များ၊ လူမှုရေးပင်စင်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကာ ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာ လိုအပ်ချက်စစ်တမ်းကောက်ယူခဲ့ကြကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

လွိုင်ကော်မြို့နယ်၌ ငှက်ပျောပင်စိုက်ပျိုးပွဲ ကျင်းပ

လွိုင်ကော် ဇူလိုင် ၂၃

ကယားပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် လွိုင်ကော်မြို့နယ်အတွင်း အခြေခံပညာကျောင်းများရှိ မူလတန်းကျောင်းသား ကျောင်းသူများ ခန္ဓာကိုယ်နှင့် ဉာဏ်ရည်ဖွံ့ဖြိုးစေရေး အထောက်အကူပြု အာဟာရဖြည့်စွက်စာ ငှက်ပျောသီးကျွေးမွေးနိုင်ရန် အတွက် ငှက်ပျောပင်စိုက်ပျိုးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် လွိုင်ကော်မြို့ နမ့်ဘော်ဝမ်(ခ) ရပ်ကွက်ရှိ အခြေခံပညာမူလတန်းလွန်ကျောင်း နမ့်ဘော်ဝမ်(ခါး)၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအုံမော်၊ ပြည်နယ်ဝန်ကြီးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖီးကြမ်းငှက်ပျောပျိုးပင်များကို ပြည်နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းသားကျောင်းသူများထံပေးအပ်ကြပြီး ကျောင်းအကျိုးတော်ဆောင်များနှင့် ကျောင်းသား ကျောင်းသူများက ငှက်ပျောပျိုးပင်များကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။


တက်ရောက်

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အသေးစားစက်မှုလုပ်ငန်းဦးစီးဌာန ရုက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၌ ဖွင့်လှစ်သည့် အခြေခံနှင့် မူဝါဒ စက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ



နေပြည်တော် ဇူလိုင် ၂၃

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မဇာနန်းလှ အသက် ၃၃ နှစ်က ဆင်ဖြူတော် (အထီး)ကလေး တစ်စီးအား ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် နံနက် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါ ဆင်ဖြူတော်လေးမှာ မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀၀ခန့် ရှိသည်။

ဆင်ဖြူတော်လေး၏ ဘွဲ့နာမတော်မှာ "ရဋ္ဌနန္ဒက" ဖြစ်ပြီး အဆိုပါ ဆင်ဖြူတော်လေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာသြဇာကွက်ဖြစ်ခြင်း၊ အသားအရေ ပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်း စသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင် လက္ခဏာ ခုနှစ်ချက်ကိုက်ညီသော ဆင်ဖြူတော်လေး ဖြစ်သည်။

အထက်ပါ ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မှာ ယခုအသက် ၄ နှစ်သားအရွယ်တွင် အရပ်အမြင့် ၅ ပေ ၆ လက်မ ၊ ကိုယ်လုံးလုံးပတ် ၈ ပေ ၂ လက်မ ၊ ကိုယ်အလေးချိန် ၁၇၇၅ ပေါင်ရှိလာပြီး ရတနာဆင်ဖြူတော်ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ် နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက"မှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့် လူသားတို့အကြား ကောင်းမွန်စွာဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

သဃ်နိုးကျွန်းခရိုင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုးမြှင့်တင်ရေးပွဲတော်ကျင်းပ

ရန်ကုန် ဇူလိုင် ၂၃

ကျောင်းစာကြည့် တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှုနိုးမြှင့်တင်ရေးပွဲတော်ကို ယနေ့ နံနက်ပိုင်းက သဃ်နိုးကျွန်းခရိုင် သဃ်နိုးကျွန်းမြို့နယ် အခြေခံပညာ အလယ်တန်း (လေ့ကျင့်ရေး) ကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး စာကြည့်တိုက် ကြီးကြပ်ရေး ကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပွဲတော်ကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြခန်းများ၊ ပြိုင်ပွဲများ၊ စာပေစကားဝိုင်းဆွေးနွေးပွဲ နှင့် စာအုပ်အရောင်းဆိုင်များကို ကြည့်ရှုအားပေးပြီး စာပေဟောပြောမည့် စာရေးဆရာမ ပေါက်ပေါက်အား ဂုဏ်ပြုလက်ဆောင်နှင့် ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုငွေပေးအပ်ကာ ပွဲတော် ဖြစ်မြောက်ရေးအတွက် အလှူရှင်များက အလှူငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သက်လွင်စိုး (ပြန်/ဆက်)

အောင်လံမြို့နယ်အတွင်း စားအုန်းဆီရောင်းချမှုများ ကွင်းဆင်းစစ်ဆေး

အောင်လံ ဇူလိုင် ၂၃

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာနသည် ပြည်တွင်း၌ စားအုန်းဆီ တင်သွင်းဖြန့်ဖြူးခြင်း လုပ်ငန်းများကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ဖြန့်ဖြူးရောင်းချရာတွင် လက်လီ၊ လက်ကား စာရင်းမှန်၊ နေရာမှန်၊ အချိန်မှန်၊ ဈေးနှုန်းမှန်နှင့် အလေးချိန်မှန်၊ အရည်အသွေးမှန် ဟူသည့် မူဝါဒချက်မသွေ ရောင်းချရေးနှင့် လက်ဝယ်တွင် သိုလှောင်၍ ဈေးကွက်အတွင်း ရောင်းချမှုများ မရှိစေရေးအတွက် သက်ဆိုင်ရာပူးပေါင်းအဖွဲ့များသည် ဇူလိုင် ၂၁ ရက်မှ ၂၂ ရက်အတွင်း အောင်လံမြို့နယ်အတွင်းရှိ စားအုန်းဆီဖြန့်ဖြူးရောင်းချသည့် လက်လီအရောင်းဆိုင် (၁၂) ဆိုင်သို့ ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အာကာ(ပြန်/ဆက်)



တိရစ္ဆာန်အစာပင် စိုက်ပျိုးရေးဆိုင်ရာသိကောင်းစရာ တောင်သူနည်းပညာဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၃

အာဟာရတန်ဖိုးမြင့်မားသည့် တိရစ္ဆာန်အစာပင်များကို စနစ်တကျစိုက်ပျိုးအသုံးပြု ကျွေးမွေးခြင်းဖြင့် မွေးမြူရေးအစာဝယ်ယူရသည့် ကုန်ကျစရိတ်များကို လျှော့ချနိုင်မည် ဖြစ်သည့်အပြင် အသားနှင့် နို့ထုတ်လုပ်မှုကိုလည်း တိုးတက်လာစေနိုင်မည် ဖြစ်ကြောင်း၊ တိရစ္ဆာန်အစာပင်စိုက်ပျိုး၍ မွေးမြူရေးလုပ်ကိုင်ခြင်းသည် ရာသီဥတု ပြောင်းလဲမှုကြောင့် အစာရှားပါးမှု ကြုံတွေ့ရပါက လည်း သိလှောင်ထားသည့် အစာများကို အသုံးပြုကျွေးမွေးနိုင်မည် ဖြစ်၍ မိမိတို့၏မြေလွတ်နေရာများ၌ တစ်ပိုင်တစ်နိုင် စိုက်ပျိုးခြင်း၊ တောင်သူအစုအဖွဲ့များ ဖွဲ့စည်း၍ စီးပွားဖြစ် စိုက်ပျိုးခြင်းများကို ဆောင်ရွက်ရန် လိုအပ်ကြောင်း ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဧရာဝတီရိမ်မြို့နယ်ရှိ စိုက်ပျိုးရေး သုတေသနဦးစီးဌာန စုဝေးဆောင်ခန်းမ၌ ကျင်းပသည့် “တိရစ္ဆာန်အစာပင် စိုက်ပျိုးရေးဆိုင်ရာ သိကောင်းစရာများ” ခေါင်းစဉ်ဖြင့် တောင်သူနည်းပညာဆွေးနွေးပွဲမှ သိရသည်။



ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီး ဒေါက်တာရဲထွန်းဝင်းက အမှာစကားပြောကြားပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာ ထက်ထက်ခိုင်ဝင်းက တိရစ္ဆာန်အစာပင် စိုက်ပျိုးရေးဆိုင်ရာ သိကောင်းစရာများနှင့် ပတ်သက်၍ အသေးစိတ်ဆွေးနွေးတင်ပြကာ တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ရှင်းလင်းဆွေးနွေးသည်။

အဆိုပါဆွေးနွေးပွဲသို့ ပညာရှင်များနှင့် သုတေသီများ၊ စိုက်ပျိုးရေးတက္ကသိုလ် ကျောင်းသားကျောင်းသူများ၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး ပြည်နယ်များမှ တောင်သူများက အွန်လိုင်းဖြင့် ပါဝင်တက်ရောက်ကြသည်။

သတင်းစဉ်

တောင်တွင်းကြီးမြို့နယ်၌ ကွန်ကရစ်လမ်း ဖွင့်ပွဲကျင်းပ

တောင်တွင်းကြီး ဇူလိုင် ၂၃

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့၌ လူနေမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍမှ ကွန်ကရစ်လမ်းခင်းခြင်း (၈၈၀ပေ x ၁၀ပေ x ၆ လက်မ) ဖွင့်ပွဲကို ယမန်နေ့က ကျေးရွာသစ်လှုပ်ရှားမှုစံပြကျေးရွာ ကံပေးကျေးရွာ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက အမှာစကားပြောကြားသည်။

အဆိုပါလမ်းကို လူမှုပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍမှ မတည်ငွေကျပ် ၁၅၉ သိန်းဖြင့် ကွန်ကရစ်လမ်းခင်းခြင်းစတင်ခဲ့ပြီး ကျေးရွာပြည်သူများ ထည့်ဝင်လှူဒါန်းငွေကျပ် ၁၄၁ သိန်းဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဦးမျိုး(ဗိသနိုးမြေ)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့် ဗလမ်းမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းအား ကြည့်ရှု

နေပြည်တော် ဇူလိုင် ၂၃

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ချင်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များနှင့်အတူ ယနေ့တွင် ဗလမ်းမြို့ရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းကို သွားရောက် ကြည့်ရှုကြပြီး ဒုတိယဝန်ကြီးက နိဂုံးတော်အတွက် ပညာရည်မြင့်မား၍ စွမ်းရည်ပြည့်ဝသော မျိုးဆက်သစ်လူငယ်များဖြစ်လာစေရေး၊ ပညာရပ်များ တတ်မြောက်၍ ကျောင်းဆင်းပြီးသွားပါက မိမိဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပြန်လည်တာဝန်ထမ်းဆောင်စေရေး၊ နယ်စပ်ဒေသတွင် နေထိုင်သည့် တိုင်းရင်းသားပြည်သူလူထု၏ လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် ဆောင်ရွက်လိုသည့် စိတ်ဓာတ်များ ထက်သန်စေရေး ပြုစုပျိုးထောင်လေ့ကျင့်ပေးကြရန်မှာကြားသည်။

ဆက်လက်၍ သင်တန်းကျောင်းအတွင်းရှိ သင်တန်းခန်းမ၊ စားရိပ်သာ၊ အိပ်ဆောင်၊ အုပ်ချုပ်မှုရုံးခန်း၊ ဝန်ထမ်းအိမ်ရာများနှင့် သင်တန်းကျောင်း ဖွင့်လှစ်နိုင်ရန်ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုကြသည်။

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ဗလမ်း)ကို ၂၀၁၃ ခုနှစ်တွင် ဗလမ်းမြို့ ထေရဝါဒသာသနာပြုဗဟိုကျောင်း၌ ယာယီအကြို စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ဗလမ်းမြို့ ကျင်မွာလ်ရပ်ကွက်ရှိ ဧရိယာအကျယ်အဝန်း ၇ ဒသမ ၄၅၁ ဧကာသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ကြောင်းနှင့် အလယ်တန်းကျောင်းသားအဆင့်မှအထက်တန်းကျောင်းပြီးဆုံးသည်အထိ တာဝန်ယူ လေ့ကျင့်ပေးသည့် သင်တန်းကျောင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးတွင် ကျင်းပပြုလုပ်သည့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများ ပြန်လည်ပြုပြင်ရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့် အကြောင်းသိကောင်းစရာရှင်းလင်းဆွေးနွေးပွဲသို့တက်ရောက်အားပေးကြပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦ ဦးစီးဌာနဒုတိယညွှန်ကြားရေးမှူးချုပ် (တည်ဆောက်ရေး) ဦးကျော်မင်းအေးက သာမန်ပြုပြင်ခြင်း (Minor Repair)၊ အကြီးစားပြုပြင်ခြင်း (Major Repair)၊ အဆင့်မြှင့်တင် အကြီးစားပြုပြင်ခြင်း (Major Repair and Retrofit) နှင့် အဆောက်အအုံအသစ်များ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ရာတွင် လိုက်နာရမည့် ပြုပြင်ခြင်းဆိုင်ရာ နည်းစနစ်များနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသည့် ဌာနဆိုင်ရာများကသိရှိလိုသည်များကို မေးမြန်းမှုအပေါ် အသေးစိတ် ပြန်လည်ဖြေကြားခဲ့သည်။



ယင်းနောက် ဒုတိယဝန်ကြီးက အကြမ်းဖက် ဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများ ပြန်လည်ပြုပြင်ခြင်း ခန့်မှန်းကုန်ကျစရိတ်တန့်ဖိုးများကို သက်ဆိုင်ရာဌာနများက ခန့်မှန်းလျာထားပေးပို့ခဲ့ခြင်းဖြစ်၍ အမှန်လုပ်ငန်းများ စတင်ဆောင်ရွက်ချိန်တွင် သက်ဆိုင်ရာဌာနများမှ အသေးစိတ်ပျက်စီးမှုစာရင်း ပူးတွဲလျက် ခန့်မှန်းခြေစာရင်း ရေးဆွဲ၍ တည်ဆောက်ရေးလုပ်ငန်းစီစစ်ရေး ကော်မတီ၏ စိစစ်အတည်ပြုချက် ရယူပြီး ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ဖြည့်စွက်ပြောကြားကာ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

သတင်းစဉ်

ကလေးများအတွက် အစားအသောက်ဘေးကင်းရေးနှင့် စားသုံးသူကာကွယ်ရေး၏ အရေးပါမှု

အိလဲ့ဝင်းကြိုင်

တစ်နှစ်တာ၏ ကျောင်းဖွင့်စရာသီသို့ ရောက်လာချေပြီ။ ကလေးများ၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးသည် မိသားစုတစ်စုစု၏အနာဂတ် သာမက နိုင်ငံတစ်နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အခြေခံကျသော အချက်တစ်ရပ်ဖြစ်သည်။

ကျောင်းနေအရွယ်ကလေးများသည် ကျောင်းပတ်ဝန်းကျင်ရှိ မုန့်ဆိုင်၊ စတိုးဆိုင်များမှ မုန့်မျိုးစုံ၊ အချိုရည်များနှင့် အသင့်စား အစားအသောက်များကို အလွယ်တကူ ဝယ်ယူစားသုံးလာကြသည်။ ထိုထုတ်ကုန်များအနက် အချို့သည် အရည်အသွေး မပြည့်မီခြင်း၊ အန္တရာယ်ဖြစ်စေနိုင်သော ဓာတု ပစ္စည်းများပါဝင်ခြင်း သို့မဟုတ် စံချိန်စံညွှန်းနှင့် မကိုက်ညီခြင်းတို့ကြောင့် ကလေးများ၏ ကျန်းမာရေးကို ရေရှည်တွင် ထိခိုက်စေနိုင်သည်။

ကလေးများသည် ကလေးသဘာဝ အရောင်အသွေးတောက်ပသော မုန့်များ၊ ချိုမြိန်သော အချိုရည်များနှင့် ဆွဲဆောင်မှုရှိသော ထုပ်ပိုးမှုများကို သဘောကျတတ်ကြသည်။ ထုတ်လုပ်သူအချို့က ရောင်းအားတက်စေရန်နှင့် အမြတ်အစွန်းပိုမို ရရှိစေရန် ရည်ရွယ်၍ အရောင်တင်ပစ္စည်းများ၊ အနံ့အရသာမြှင့်ပစ္စည်းများ၊ တာရှည်ခံဆေးများ သို့မဟုတ် အရည်အသွေးမမီသော ပါဝင်ပစ္စည်းများကို ထည့်သွင်းအသုံးပြုတတ်ကြသည်။ ယင်းကဲ့သို့သော အစားအသောက်များကို ရေရှည်စားသုံးခြင်းသည် အသည်း၊ ကျောက်ကပ်၊ အာရုံကြောစနစ်နှင့် ကိုယ်ခံအားစနစ်တို့ကို ထိခိုက်စေနိုင်သည့် အပြင် ကလေးများ၏ ဉာဏ်ရည်ဖွံ့ဖြိုးမှုနှင့် သင်ယူနိုင်စွမ်းအပေါ်ပါ ဆိုးကျိုးသက်ရောက်နိုင်သည်။

မယ်လမင်းဟုခေါ်သော စက်မှုလုပ်ငန်းသုံး ဓာတုပစ္စည်းတစ်မျိုးကို ထည့်သွင်းအသုံးပြုခဲ့

နိုင်ငံတကာတွင်လည်း အစားအသောက် ဘေးကင်းရေးချို့ယွင်းမှုကြောင့် ကလေးများ၏ အသက်နှင့် ကျန်းမာရေးထိခိုက်ခဲ့သည့် ဖြစ်ရပ်များ စွာရှိခဲ့သည်။ ဥပမာအားဖြင့် ၂၀၀၈ ခုနှစ်တွင် အာရှနိုင်ငံတစ်နိုင်ငံ၌ ကလေးငယ်များအတွက် ထုတ်လုပ်သည့် နို့မှုန့်အချို့တွင် ပရိုတင်းပါဝင်မှု မြင့်မားနေသည်ဟု လိမ်လည်ပြဿနာရှိရန် မယ်လမင်းဟုခေါ်သော စက်မှုလုပ်ငန်းသုံး ဓာတုပစ္စည်းတစ်မျိုးကို တရားမဝင် ထည့်သွင်းအသုံးပြုခဲ့သည့်ဖြစ်ရပ် ဖြစ်ပွားခဲ့သည်။ ထိုဖြစ်ရပ်ကြောင့် ကလေးငယ် အများအပြား ကျောက်ကပ်ရောဂါများ ခံစားခဲ့ရပြီး အသက်ဆုံးရှုံးမှုများလည်း ဖြစ်ပွားခဲ့သည်။ ယင်း ဖြစ်ရပ်သည် အစားအသောက်ဘေးကင်းရေး စည်းမျဉ်းစည်းကမ်းများကို ကမ္ဘာတစ်ဝန်း ပိုမို တင်းကျပ်စေခဲ့သည့် အရေးပါသော သင်ခန်းစာ တစ်ရပ်ဖြစ်ခဲ့သည်။

အလားတူပင် ကဖိန်းဓာတ် အလွန်မြင့်မားစွာ ပါဝင်သော အားဖြည့်အချိုရည်များကို ကလေးများနှင့် ဆယ်ကျော်သက်များ သောက်သုံးခြင်းကြောင့် ကျန်းမာရေးဆိုင်ရာ သေဆုံးသည်အထိ ဆိုးကျိုးများ ဖြစ်ပေါ်ခဲ့သည့် ဖြစ်ရပ်များလည်း နိုင်ငံတကာတွင် အများအပြား တွေ့ရှိခဲ့ရသည်။ ၂၀၁၂ ခုနှစ်က မြောက်အမေရိကတိုက်ရှိ နိုင်ငံတစ်နိုင်ငံတွင် အသက် ၁၄ နှစ်အရွယ် မိန်းကလေးတစ်ဦးသည် Energy Drink တစ်မျိုးကို သောက်သုံးပြီးနောက် နှလုံးရောဂါဖြင့် သေဆုံးခဲ့ပြီး သူ၏မိသားစုက ကုမ္ပဏီကို တရားစွဲဆိုခဲ့သည်။ ထိုဖြစ်ရပ်များ နောက်ပိုင်းတွင် အားဖြည့်အချိုရည်များ၏ ဘေးကင်းရေး၊ ပါဝင်ပစ္စည်းများနှင့် အရွယ်မရောက် သေးသူများအား ရောင်းချမှုအပေါ် စည်းမျဉ်းများကို ပိုမိုတင်းကျပ်စွာ ဆောင်ရွက်လာကြသည်။

ဥပဒေ၏ရည်ရွယ်ချက်

မြန်မာနိုင်ငံတွင်လည်း စားသုံးသူများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားကို ကာကွယ်ရန် စားသုံးသူ ကာကွယ်ရေးဥပဒေ (၂၀၁၉)ကို ပြဋ္ဌာန်းထားသည်။ ဥပဒေ၏ ရည်ရွယ်ချက်များမှာ စားသုံးသူအခွင့် အရေးများ အပြည့်အဝရရှိနိုင်စေရန်၊ စားသုံးသူ ကာကွယ်ရေးနှင့်စပ်လျဉ်း၍ အသိပညာပေး လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်စေရန်၊ စားသုံးသူကာကွယ်ရေးနှင့်စပ်လျဉ်း၍ တိကျမှန်ကန်ရှင်းလင်းသည့် သတင်းအချက်အလက်များ ဖြန့်ဝေအသိပေးခြင်းကို ဆောင်ရွက်နိုင်စေရန်၊ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး၊ စိတ်ကျေနပ်မှုရရှိစေရေးတို့အတွက် အာမခံချက်ပေးနိုင်သော အရည်အသွေးမြင့်မား သည့် ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများကို ဖော်ဆောင်ဖြည့်ဆည်းနိုင်စေရန်၊ စားသုံးသူကာကွယ် ရေးနှင့်စပ်လျဉ်း၍ စီးပွားရေးလုပ်ငန်းရှင်ဘက်က လည်း ဥပဒေနှင့်အညီ ဆောင်ရွက်စေရန်၊ စားသုံးသူ တို့ကို ဘေးအန္တရာယ်ကင်းရှင်းမှုမရှိသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများနှင့် ယင်းတို့ကို သုံးစွဲခြင်း ကြောင့် ဖြစ်ပေါ်လာသော နစ်နာဆုံးရှုံးမှုများကို ကာကွယ်ပေးရန်၊ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသင်းအဖွဲ့များ ပေါ်ပေါက်လာစေရေးအတွက် စီမံ ဆောင်ရွက်ပေးမှုများ၊ ထိန်းကျောင်းမှုများ ဆောင် ရွက်ပေးနိုင်ရန်နှင့် ယင်းအဖွဲ့များ အားကောင်းခိုင်မာ မှုရှိစေရေးအတွက် အပြန်အလှန်ပူးပေါင်းကူညီ ဆောင်ရွက်ရန်နှင့် စားသုံးသူတို့ကို ဘေးအန္တရာယ် ဖြစ်စေသော ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများနှင့် စပ်လျဉ်း၍ အမြန်ဆုံးအရေးယူ ဆောင်ရွက်ပေးမှု များ လုပ်ဆောင်ပေးနိုင်ရန်ဖြစ်သည်။

> **“မိဘများအနေဖြင့် ကလေးများအား အစားအသောက်တံဆိပ်ဖတ်ရှုနည်း၊ သက်တမ်းကုန်ဆုံးရက် စစ်ဆေးနည်းနှင့် အရည်အသွေးမသေချာသော ထုတ်ကုန်များကို ရှောင်ကြဉ်တတ်စေရန် လေ့ကျင့်ပေးသင့်သည်။ ကျောင်းများအနေဖြင့် ကျောင်းဝင်းအတွင်းရောင်းချသည့် အစားအသောက်များကို စိစစ်ကြပ်မတ်သင့်ပြီး သက်ဆိုင်ရာဌာနများအနေဖြင့်လည်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှုများကို မကြာခဏ ရှောင်တခင်စစ်ဆေး ဆောင်ရွက်စေလို”**

ဥပဒေအရ စားသုံးသူများတွင် ဘေးကင်းလုံခြုံပြီး အရည်အသွေးပြည့်မီသော ကုန်ပစ္စည်းများကို ရွေးချယ်အသုံးပြုခွင့်ရှိသကဲ့သို့ ထုတ်လုပ်သူနှင့် ရောင်းချသူများတွင်လည်း ထုတ်ကုန်၏ပါဝင်ပစ္စည်း များ၊ သက်တမ်းကုန်ဆုံးရက်၊ အသုံးပြုပုံနှင့် သတိပြု ရန်အချက်များကို မှန်ကန်တိကျစွာ ဖော်ပြပေးရန် တာဝန်ရှိသည်။ စားသုံးသူကို လှည့်ဖြားခြင်း၊ အရည် အသွေးမပြည့်မီသောကုန်ပစ္စည်းများ ရောင်းချခြင်း သို့မဟုတ် အန္တရာယ်ရှိသော အချက်အလက်များကို ဖုံးကွယ်ထားခြင်းတို့သည် ဥပဒေအရ အရေးယူခံရ နိုင်သောလုပ်ရပ်များ ဖြစ်သည်။

သို့ရာတွင် လက်တွေ့ဘဝ၌ အမည်မသိမုန့်များ၊ အရည်အသွေးမသေချာသော အားဖြည့်အချိုရည် များနှင့် သုံးစွဲစားသောက်ရန် အသွွန်းမပြည့်စုံသော အစားအသောက်များကို ကျောင်းပတ်ဝန်းကျင်နှင့် ဈေးကွက်အချို့တွင် တွေ့မြင်နေရဆဲဖြစ်သည်။ ဈေးနှုန်းသက်သာခြင်းကြောင့် ရွေးချယ်ဝယ်ယူကြ သော်လည်း ထုတ်လုပ်ရာအရင်းအမြစ်၊ သန့်ရှင်းရေး စံနှုန်းနှင့် ပါဝင်ပစ္စည်းများကို အတည်ပြုရန် ခက်ခဲ သဖြင့် ကလေးများ၏ ကျန်းမာရေးအတွက် အန္တရာယ်ရှိနိုင်သည်။

ထို့ကြောင့် ကလေးများ၏ အစားအသောက် ဘေးကင်းရေးသည် အစိုးရတစ်ရပ်တည်း၏ တာဝန် မဟုတ်ဘဲ ထုတ်လုပ်သူများ၊ ရောင်းချသူများ၊ ကျောင်းများ၊ မိဘများနှင့် စားသုံးသူအားလုံး ပူးပေါင်းဆောင်ရွက်ရမည့် ကိစ္စရပ်တစ်ခုဖြစ်သည်။

ကျောင်းဝင်းအတွင်း ရောင်းချသည့် အစားအသောက်များကို စိစစ်ကြပ်မတ်သင့်

မိဘများအနေဖြင့် ကလေးများအား အစား အသောက် တံဆိပ်ဖတ်ရှုနည်း၊ သက်တမ်းကုန်ဆုံး ရက် စစ်ဆေးနည်းနှင့် အရည်အသွေးမသေချာသော ထုတ်ကုန်များကို ရှောင်ကြဉ်တတ်စေရန် လေ့ကျင့် ပေးသင့်သည်။ ကျောင်းများအနေဖြင့် ကျောင်းဝင်း အတွင်း ရောင်းချသည့် အစားအသောက်များကို စိစစ်ကြပ်မတ်သင့်ပြီး သက်ဆိုင်ရာဌာနများအနေ ဖြင့်လည်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှုများကို မကြာခဏ ရောင်တခင်စစ်ဆေး ဆောင်ရွက်စေလိုပါ သည်။

ဥပဒေတစ်ရပ်ရှိရုံဖြင့် စားသုံးသူကာကွယ်ရေး အပြည့်အဝရရှိမည် မဟုတ်ပါ။ ဥပဒေကို ထိရောက် စွာ အကောင်အထည်ဖော်ခြင်း၊ စားသုံးသူအသိပညာ မြှင့်တင်ခြင်းနှင့် လုပ်ငန်းရှင်များ၏ လူမှုတာဝန်ယူ မှုကို အားပေးခြင်းတို့ ပေါင်းစပ်ဆောင်ရွက်မှသာ အန္တရာယ်ကင်းသော စားသုံးမှုပတ်ဝန်းကျင်ကို ဖန်တီး နိုင်မည်ဖြစ်သည်။

ကလေးများ၏ ကျန်းမာရေးသည် နိုင်ငံ၏ အနာဂတ်ဖြစ်သည်။ ယနေ့ ကလေးတစ်ဦး စားသုံး သောအစားအသောက်သည် မနက်ဖြန် ထိုကလေး ၏ ကျန်းမာရေးနှင့် ဘဝအရည်အသွေးကို ဆုံးဖြတ် ပေးနိုင်သည်။ ထို့ကြောင့် ဈေးနှုန်းနှင့် ထုပ်ပိုးမှုပုံစံကို သာ အခြေခံ၍ မရွေးချယ်ဘဲ ဘေးကင်းရေး၊ အရည် အသွေးနှင့် ယုံကြည်စိတ်ချရမှုကို ဦးစားပေး ရွေးချယ်သင့်သည်။ စားသုံးသူကာကွယ်ရေးကို အလေးထားခြင်းသည် ကလေးများကိုသာမက နိုင်ငံ၏အနာဂတ်ကိုပါ ကာကွယ်စောင့်ရှောက်ခြင်း ပင်ဖြစ်သည်။ ။

ဘုတ်ပြင်းမြို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်မှု ဆုများချီးမြှင့်

ဘုတ်ပြင်း ဇူလိုင် ၂၃

ဘုတ်ပြင်းခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့် ကျေးရွာမြေငှားဂရန်၊ နိုင်ငံသားစိစစ်ရေးကတ်၊ လူထုကျန်းမာရေး သင်တန်းဆင်း လက်မှတ်၊ ဓာတ်မြေဩဇာများနှင့် အသက် (၁၉)နှစ်အောက် အခြေခံပညာ ကျောင်းပေါင်းစုံ အမျိုးသမီး ဘောလုံးပြိုင်ပွဲတို့အား ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းက မြို့တော်ခန်းမ၌ ပြုလုပ်သည်။



အခမ်းအနားတွင် ကျေးရွာမြေငှားဂရန်၊ နိုင်ငံသားစိစစ်ရေးကတ် နှင့် UID ကတ်များ၊ လူထုကျန်းမာရေးသင်တန်းဆင်း လက်မှတ်၊ ဓာတ်မြေဩဇာများနှင့် အသက် (၁၉)နှစ်အောက် အခြေခံပညာ ကျောင်းပေါင်းစုံ အမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် ဆုရရှိသူများ အား ဘုတ်ပြင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းကိုနှိုင် သက်ဆိုင်ရာ ဌာနများမှ တာဝန်ရှိသူတို့က ဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

❍ ကျောဖုံးမှ

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်း ဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့ အပြား မိုးထစ်ချန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြိုးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင် သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

အကြံပြုချက်

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာ နိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ် အော်တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာ နိုင်ခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီး တွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှု များကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်း လေကြောင်း ပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ် လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သဘော်များအနေဖြင့် လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော် အပ်ပါသည်။

မိုး/ဧလ

❍ ၂၀၂၆ မှ

တီမောအသင်းသည် အိမ်ကွင်းလက်ခံကျင်းပနိုင်ခြင်းမရှိသဖြင့် ထိုင်းနိုင်ငံတွင် အိမ်ကွင်းလက်ခံကစားခြင်းဖြစ်သည်။ ပွဲစဉ်ရေးဆွဲ ထားမှုအရ ပြိုင်ပွဲတစ်သင်းလျှင် အုပ်စုလေးပွဲကို အိမ်ကွင်းနှစ်ပွဲ၊ အဝေး ကွင်းနှစ်ပွဲ ကစားရမည်ဖြစ်သည်။

အုပ်စုပွဲများကို ဇူလိုင် ၂၄ ရက်မှ ဩဂုတ် ၈ ရက်အထိ ကျင်းပမည် ဖြစ်ပြီး မြန်မာအသင်းပါဝင်သော အုပ်စုပွဲများကို ဇူလိုင် ၂၅ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။

သတင်း-ချစ်ကိုကို၊ ဓာတ်ပုံ-MFF

ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင် လူကုန်ကူးခံရသူများ ညွှန်းပို့ချိတ်ဆက်ရေးစင်တာ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်သည် ယနေ့မွန်းလွဲ ပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ လူကုန်ကူးခံရသူများ ညွှန်းပို့ချိတ်ဆက်ရေး စင်တာ၌ လူကုန်ကူးခံရသူများ ဆက်သွယ် အကူအညီတောင်းခံမှုများအပေါ် ပေါင်းစပ် ဆောင်ရွက်နေမှု၊ လိုအပ်သည့် အကူအညီများ ချိတ်ဆက်ဆောင်ရွက်ပေးနေမှုတို့ကို ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (ရန်ကုန်) ရှိ ပြန်လည်ထူထောင်မှု ခံယူနေသူများအား သွားရောက်တွေ့ဆုံ အားပေးစကားပြောကြား ပြီး စခန်းအခြေပြု ပြန်လည်ထူထောင်ရေး သင်တန်းဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သည် များ မှာကြားသည်။

ယင်းနောက် သက်ကြီးရွယ်အို့များ နေ့ပိုင်း စောင့်ရှောက်ရေးဂေဟာ၌ သက်ကြီးဘိုးဘွား များအား လူမှုရေးစောင့်ရှောက်မှု၊ ကျန်းမာရေး စောင့်ရှောက်မှု ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို သွားရောက်ကြည့်ရှုအားပေး ခဲ့ကြောင်း သိရသည်။ သတင်းစဉ်





ရွှေဘိုခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ စက်ချုပ်နည်းပညာသင်တန်းဆင်းပွဲကို ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီ တွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထု အခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပပြီး သင်တန်းသူ ၂၄ ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်စဉ်။

ခရိုင်(ပြန်/ဆက်)

အိမ်မဲမြို့၌ ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးသရုပ်ပြ

အိမ်မဲ ဇူလိုင် ၂၃

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် မရမ်းငူကျေးရွာတွင် မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ ကြခင်းစနစ်ပဓေျာက်ရေးအတွက် ၂၀၂၆–၂၀၂၇ ခုနှစ် ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲ ကို ဇူလိုင် ၂၀ ရက်က ကျင်းပသည်။



ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း သရုပ်ပြပွဲကို မရမ်းငူ ကျေးရွာတောင်သူ ဦးအောင်စိုးမိုး၏ လမ်းမြေ ၃ ဒသမ ၅၀ ဧကတွင် စိုက်ပျိုးရာ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးခင်မောင်မျိုးက အဆိုပါစက်ဖြင့် စိုက်ပျိုးခြင်းကြောင့် ရရှိနိုင်မည့်အကျိုးကျေးဇူးများ ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ချစ်သက်လယ်(ပြန်/ဆက်)

သန်လျင်မြို့နယ်၌ ကျောင်းကျန်းမာရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

သန်လျင် ဇူလိုင် ၂၃

သန်လျင်ခရိုင် သန်လျင်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အနေဖြင့် မြို့နယ်အတွင်းရှိအခြေခံပညာကျောင်းများ၌ ကျန်းမာရေး အသိပညာပေးခြင်း ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာစံလင်း ဦးဆောင်၍ ကျေးလက်ကျန်းမာရေးဝန်ထမ်းများ၊ သက်ဆိုင်ရာကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများလေ့လှုရေးအသင်း အဖွဲ့များနှင့် ပူးပေါင်း၍ ကျန်းမာရေးအသိပညာပေးဟောပြောခြင်း၊ တစ်ကိုယ်ရေကျန်းမာရေးစစ်ဆေးပေးခြင်း၊ မိုးရာသီတွင် ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး ဖုံးသွန်၊ လဲစစ် လုပ်ငန်းများကို အဖွဲ့များခွဲ၍ ဇူလိုင် ၂၁ ရက်က ဗိုလ်ချုပ်ရွာသစ် အလက(ခွဲ)၊ ညောင်သုံးပင်(၂)အမကတို့တွင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သန်းဝင်း(သန်လျင်)



ဌာန်အော်စမ်းလူငယ်သင်တန်းကျောင်း၌ ခွေးရူးပြန်ရောဂါ ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးဟောပြော

ကော့မှူး ဇူလိုင် ၂၃

ခွေးရူးပြန်ရောဂါကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ငှက်အော် စမ်းကျေးရွာ လူငယ်သင်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာမိုးဆမ်းပန်းနှင့် ငှက်အော်စမ်းကျေးလက် ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူး(၂) ဒေါ်မလာဝင်းတို့က ခွေးရူးရောဂါ မဖြစ်ပွားအောင် ကြိုတင်ကာကွယ်ဆောင်ရွက်ရမည့်အချက်များကို ဟောပြောခဲ့ပြီး ခွေးရူးရောဂါကာကွယ်ရေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ငှက်အော်စမ်းလူငယ်သင်တန်းကျောင်းအတွင်းရှိ မွေးမြူထားသောခွေး အကောင်ရေ ၃၀ အား ဒေါက်တာမိုးဆမ်းပန်းနှင့် ဝန်ထမ်းများက ခွေးရူးရောဂါကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးခဲ့ ကြောင်း သိရသည်။

ကျော်သူရ (ကော့မှူး)



မြိတ်မြို့နယ်၌ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြော

မြိတ် ဇူလိုင် ၂၃

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်သစ်တောဦးစီးဌာနမှ မိုးရာသီသစ်ပင်စိုက်ပျိုးရေး၊ ဇီဝမျိုးစုံ မျိုးကွဲနှင့် ပတ်ဝန်းကျင်ထိန်းသိမ်း ရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၃ ရက်က ရွှေပေး ကျေးရွာ အထက(ခွဲ) ရွှေပေးကျောင်း၌ ကျင်းပသည်။

အသိပညာပေး ဟောပြောရာတွင် မြိတ်မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဝေယံမြင့်ချို က သစ်ပင်များ၏ အကျိုးကျေးဇူးများ၊ သစ်တော၊ ဇီဝမျိုးစုံမျိုးကွဲနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အကြောင်းအရာများနှင့် တောအုပ်ကြီး ဦးကျော်မြင့်ထွန်းက မိုးရာသီ သစ်ပင်စိုက်ပျိုးရေးနှင့် ပတ်သက်သည့် အကြောင်းအရာများကို ဟောပြောကြသည်။

ခိုင်ထူး(ပြန်/ဆက်)

ရေတာရှည်မြို့နယ်၌ အခြေခံစားသောက်ကုန်များအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေး

ရေတာရှည် ဇူလိုင် ၂၃

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ ယမန်နေ့နံနက်ပိုင်းမှ စတင်၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ပြည်သူများ သက်သာချောင်ချိစွာစားသုံးနိုင်ရေးအတွက် အခြေခံစားသောက်ကုန် များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးသည်။

ထိုသို့ရောင်းချရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆီလုပ်ငန်း ရှင် အသင်းနှင့် အသားငါးဒိုင်များပူးပေါင်း၍ စားဆီတစ်ပိသာဌေးကျပ် ၈၁၅၀၊ ဆန်တစ်ပြည် ငွေကျပ် ၃၀၀၀၊ ကြက်သား(အသား) တစ် ပိသာလျှင် ငွေကျပ် ၂၀၀၀၀၊ ကြက်ဥတစ်လုံး ငွေကျပ် ၄၈၀ နှုန်းဖြင့် ရောင်းချခဲ့ရာ ပြည်သူများ လာရောက်ဝယ်ယူခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





မိုင်းယောင်းမြို့နယ်၌ ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ပြုလုပ်

မိုင်းယောင်း ဇူလိုင် ၂၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် အမှတ်(၈) ရပ်ကွက် ခန်းမ၌ ဇူလိုင် ၂၃ ရက်က ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ပြုလုပ်သည်။

ဦးစွာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဘွန်းစီ၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေ၊ မြို့နယ်စည်ပင်သာယာရေးဌာန အမှု ဆောင်အရာရှိ ဦးတိုးဇော်ထွန်း၊ မြို့နယ်ကြေးတိုင်နှင့်မြေစာရင်းဦးစီး ဌာန ဦးစီးမှူး ဦးဇော်လွင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်မိုးတို့က ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ စည်းကမ်းမဲ့ အမှိုက် စွန့်ပစ်မှုမရှိစေရေးနှင့် မြို့သန့်ရှင်းသာယာလှပရေး၊ ဒေသတွင်း စားသုံး ဆီမှုလုံရေးတို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

အမေရိကန်နှင့် ဆော်ဒီအာရေဗျနိုင်ငံတို့ ငြိမ်းချမ်းသော နျူကလီးယားဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရန် သဘောတူလက်မှတ်ရေးထိုး

ဝါရှင်တန် ဇူလိုင် ၂၃

အမေရိကန်အစိုးရက ဆော်ဒီအာရေဗျနိုင်ငံနှင့် ငြိမ်းချမ်းသော နျူကလီးယားဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန် သဘောတူညီချက် တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း ယမန်နေ့က ပြောကြားသည်။

အဆိုပါသဘောတူညီချက်သည် အမေရိကန်၏ နျူကလီးယားနည်းပညာ တင်ပို့ရောင်းချမှုများကို တိုးချဲ့ရန် ရည်ရွယ်သည့် သမ္မတ ဒေါ်နယ်ထရမ့်၏ မူဝါဒအပေါ် အခြေခံထားကြောင်း အမေရိကန် စွမ်းအင်ဌာန၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

ဤသဘောတူညီချက်သည် အမေရိကန်စက်မှုလုပ်ငန်းနှင့် အလုပ်သမားများအတွက် အကျိုးရှိစေမည့်အပြင် ဆော်ဒီအာရေဗျနိုင်ငံနှင့် မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးကိုလည်း ပိုမိုနိုင်မာစေမည်ဖြစ်ကြောင်း စွမ်းအင်ဌာနက အလေးပေးပြောကြားသည်။

သဘောတူညီချက်ပါ အသေးစိတ်အချက်အလက် အပြည့်အစုံကို ထုတ်ပြန်ခြင်း မရှိသေးသော်လည်း ၂၀၀၉ ခုနှစ်တွင် အာရပ်စော်ဘွားများပြည်ထောင်စု (United Arab Emirates (UAE)) နိုင်ငံနှင့်ချုပ်ဆိုခဲ့သော အလားတူ နျူကလီးယားသဘောတူညီချက်နှင့် ကွာခြားချက်များ ရှိနေကြောင်း သည်ဝေါစထရိဂျာနယ် အပါအဝင် အမေရိကန် မီဒီယာများက ထောက်ပြပြောဆိုခဲ့သည်။

အာရပ်စော်ဘွားများပြည်ထောင်စုနှင့် ချုပ်ဆိုခဲ့သော သဘောတူညီချက်နှင့် မတူညီသည်မှာ ဆော်ဒီအာရေဗျနိုင်ငံက နိုင်ငံအတွင်း ယူရေနီယမ်ကို ကြွယ်ဝအောင် မပြုလုပ်ရန်နှင့် အသုံးပြုပြီးသား နျူကလီးယားလောင်စာကိုပြန်လည်ပြုပြင်ထုတ်လုပ် ခြင်း မပြုလုပ်ရန် စသတ်မှတ်ချက်ကို ငြင်းပယ်ခဲ့ခြင်းဖြစ်ကြောင်း သည်ဝေါစထရိဂျာနယ်က ဖော်ပြသည်။



ကိုးကား - အင်နဲအိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်


ဂျပန်နိုင်ငံ၏ ရှေးဟောင်းသုတေသနဆိုင်ရာ နေရာများနှင့် ၎င်းတို့နှင့်ဆက်စပ်သော နေရာများကို ကမ္ဘာ့အမွေအနှစ်စာရင်းတွင် ထည့်သွင်းနိုင်ဖွယ်ရှိ

တိုကျို ဇူလိုင် ၂၃

ကုလသမဂ္ဂ၏ ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့အစည်းဖြစ်သည့် ယူနက်စကိုက ဂျပန်နိုင်ငံ၏ ရှေးဟောင်း မြို့တော်များမှ ရှေးဟောင်း သုတေသနဆိုင်ရာ နေရာများနှင့် ၎င်းတို့နှင့် ဆက်စပ်သော နေရာများကို ကမ္ဘာ့အမွေအနှစ် စာရင်းတွင် ထည့်သွင်းနိုင်ဖွယ်ရှိကြောင်း သိရသည်။

ယူနက်စကိုက တောင်ကိုရီးယားနိုင်ငံ ဘူဆန်မြို့၌ ၎င်း၏ ကမ္ဘာ့အမွေအနှစ် ကော်မတီ အစည်းအဝေးကို ကျင်းပခဲ့သည်။

ဂျပန်အစိုးရသည် နိုင်ငံ၏ အနောက်ပိုင်းရှိ နာရာ စီရင်စုတွင် တည်ရှိသော အဆုကာ (Asuka) နှင့် ဖူဂျိုဝါရာ(Fujiwara) ရှေးဟောင်း မြို့တော်များကို ကမ္ဘာ့အမွေအနှစ် စာရင်းတွင် ထည့်သွင်းရန် အကြံပြုထားသည်။



အဆိုပါ ရှေးဟောင်းသုတေသနဆိုင်ရာ နေရာများသည် (၆) ရာစုနှောင်းပိုင်းမှ (၈) ရာစုအစောပိုင်း ကာလများကတည်းက တည်ရှိခဲ့ခြင်းဖြစ်ပြီး အဆုကာရွာ၊ ကာရှိဟာရမြို့နှင့် ဆာကူရိုင်မြို့တို့တွင် တည်ရှိကြသည်။

ရှေးဟောင်း မြို့တော်များကို စာရင်းသွင်းခြင်း ရှိ၊ မရှိ ဇူလိုင် ၂၄ ရက်မှ ၂၇ ရက်အတွင်း ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်သည်။

ပြီးခဲ့သည့်လက ယူနက်စကို၏ အကြံပေးအဖွဲ့တစ်ခုက အဆုကာနှင့် ဖူဂျိုဝါရတို့ကို ကမ္ဘာ့အမွေအနှစ်အဖြစ် စာရင်းသွင်းသင့်ကြောင်း ပြောကြားခဲ့ပြီး ၎င်းတို့၏ အဆင့်သတ်မှတ်ချက် လေးမျိုးအနက် အမြင့်ဆုံးအဆင့်ကို အဆိုပါ ရှေးဟောင်းနေရာများ အတွက် သတ်မှတ်ပေးခဲ့သည်။ အကယ်၍ စာရင်းသွင်းခံရပါက အဆိုပါနေရာများသည် ဂျပန်နိုင်ငံ၏ ၂၇ ခု မြောက် ကမ္ဘာ့အမွေအနှစ်နေရာ ဖြစ်လာမည် ဖြစ်သည်။

ကိုးကား - အင်နဲအိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

အိန္ဒိယနိုင်ငံ ပြည်နယ်အများအပြားတွင် ရေကြီးရေလျှံမှုဖြစ်

နယူးဒေလီ ဇူလိုင် ၂၃

အိန္ဒိယနိုင်ငံ ပြည်နယ်အများအပြားတွင် ပြီးခဲ့သည့် ရက်များအတွင်းက မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ကြောင်းသိရသည်။

အာသံပြည်နယ်တစ်ခုတည်းတွင်ပင် သေဆုံးသူဦးရေ ၄၁ ဦးအထိ မြင့်တက်လာခဲ့ပြီး ပြည်နယ်၏ ခရိုင် ၁၁ ခုတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဒေသခံ ၆၀၀၀၀ ဆိုးရွားစွာ ထိခိုက်ခံစားခဲ့ရကာ ဒေသခံ အများအပြားမှာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

နိုင်ငံ၏ အနောက်တောင်မုတ်သုံလေသည် ပြီးခဲ့သည့် ရက် အနည်းငယ်အတွင်း ပြင်းထန်လာခဲ့ပြီး အာသံ၊ ဂူဂျာရတ်နှင့် မဟာရပ်ရှထရာပြည်နယ်တို့တွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်စေခဲ့သည်။ မဟာရပ်ရှထရာပြည်နယ်ရှိ နေရာအများအပြားတွင် အခြေခံအဆောက်အအုံများ ပျက်စီးခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ



၂၀၃၀ ပြည့်နှစ်တွင် တရုတ်နိုင်ငံမှ ထုတ်လုပ်သည့် လျှပ်စစ်ကားအရေအတွက် ၁ ဒသမ ၆ သန်းထက် ကျော်လွန်မည်

ပေကျင်း ဇူလိုင် ၂၃

တရုတ်နိုင်ငံမှ ထုတ်လုပ်သည့် လျှပ်စစ်ထရပ်ကား အရေအတွက်သည် ၂၀၃၀ ပြည့်နှစ်တွင် ၁ ဒသမ ၆ သန်း ကျော်လွန်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ ကိုင်တန်ဂျီက ပြောကြားသည်။

ယခုနှစ် နှစ်ဝက်အတွင်း လျှပ်စစ်ထရပ်ကား အရေအတွက် ၁၄၀၀၀၀ ထုတ်လုပ်နိုင်ခဲ့ပြီး ရာခိုင်နှုန်းအားဖြင့် ၇၈ ဒသမ ၆ ရာခိုင်နှုန်းမြင့်တက်လာခဲ့သည်။ ယခုကဲ့သို့ လျှပ်စစ်စွမ်းအင်သုံး ထရပ်ကားများ ထုတ်လုပ်နိုင်ခြင်းသည် ထုတ်လုပ်မှုအပေါ် ဆုကြေးပေးသည့် မူဝါဒနှင့် စွေးကွက်အတွင်း ဝယ်လိုအား မြင့်တက်လာခြင်းကြောင့်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ လျှပ်စစ်ထရပ်ကားများ မောင်းနှင်လည်ပတ်နိုင်ရန်အတွက် လျှပ်စစ်အားဖြည့်ရုံနှင့် ဘက်ထရီလဲလှယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံအရေအတွက် ၃၀၀၀ ကျော်ကို ထရပ်ကားများ ပြေးဆွဲရာလမ်းကြောင်းတွင် ထားရှိမည့်အစီအစဉ်ကို တာဝန်ရှိသူများက ဆောင်ရွက်နေသည်။

ယခုနှစ်တွင် ယွမ် ၂၂ ဘီလီယံတန်ကြေးရှိ အထူးဘဏ္ဍာရေးငွေချေးစာချုပ်များဖြင့် ယာဉ်ဟောင်းများ ဖျက်သိမ်းခြင်းနှင့် အစားထိုးခြင်းအတွက် ထောက်ပံ့ရန် သတ်မှတ်ထားပြီး အဆိုပါယာဉ်များ နေရာတွင် လျှပ်စစ်ထရပ်ကားများဖြင့် အစားထိုးအသုံးပြုရေးဆောင်ရွက်မည်ဖြစ်သည်။

လာမည့်ပါးနှစ်အတွင်း ပို့ဆောင်ရေးဝန်ကြီးဌာနသည် သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ကာဗွန်နည်းပါးသော စွမ်းအင်အရင်းအမြစ်များသို့ ပြောင်းလဲမြှင့်တင်ရန်၊ သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်ရန်နှင့် လေထုညစ်ညမ်းမှုထိန်းချုပ်ရေး ကြိုးပမ်းအားထုတ်မှုများကို မြှင့်တင်သွားမည်ဖြစ်ပြီး အဆိုပါဆောင်ရွက်ချက်များသည် သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် စိမ်းလန်းစိုပြည်ပြီး ကာဗွန်နည်းပါးသောအသွင် ကူးပြောင်းရေးအတွက် တွန်းအားပေးမှု၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

ဆမ်ဆောင်း နည်းပညာကုမ္ပဏီက နောက်ဆုံးပေါ် ခေါက်သိမ်းနိုင်သော စမတ်ဖုန်းစီးရီးအသစ် စတင်မိတ်ဆက်

ဆိုးလ် ဇူလိုင် ၂၃

တောင်ကိုရီးယား အခြေစိုက် ဆမ်ဆောင်းနည်းပညာကုမ္ပဏီက ၎င်း၏ နောက်ဆုံးပေါ် ခေါက်သိမ်းနိုင်သော စမတ်ဖုန်း (Foldable Smartphone) စီးရီးအသစ်ကို ယနေ့ စတင်မိတ်ဆက်ခဲ့သည်။

အမေရိကန်ပြိုင်ဘက် Apple ကုမ္ပဏီကလည်း ယခုနှစ်အတွင်း ၎င်းတို့၏ ကိုယ်ပိုင်မော်ဒယ်ကို ထုတ်လုပ်လာနိုင်ဖွယ်ရှိပြီး ၎င်းသည် စမတ်ဖုန်းစျေးကွက်၏ ခေါက်သိမ်းနိုင်သော စမတ်ဖုန်း အမျိုးအစားသစ် ထုတ်လုပ်ရေး အတွက် ပြင်းထန်သော ယှဉ်ပြိုင်မှု တစ်ခု ဖြစ်လာစေမည်ဖြစ်သည်။

ဆမ်ဆောင်း၏ Galaxy Z စီးရီး တွင်ပါဝင်သော မော်ဒယ်အမျိုး အစားတစ်ခုမှာ စာအုပ်တစ်အုပ်ကဲ့သို့ ဖွင့်နိုင်ပြီး ဖြန့်လိုက်သည့်အခါ အထူ ၄ ဒသမ ၁ မီလီမီတာသာ ရှိသည်။

၎င်းသည် အဆိုပါစီးရီးတွင် အပါးလွှာဆုံး မော်ဒယ်ဖြစ်ပြီး အလေးချိန် ၂၁၅ ဂရမ်ရှိကြောင်း ဆမ်ဆောင်းကုမ္ပဏီက ပြောကြား သည်။ ၎င်း၏ ရှစ်လက်မအရွယ် မျက်နှာပြင်သည် ဗီဒီယိုကြည့်ရှု ခြင်းနှင့် အီလက်ထရွန်နစ် စာအုပ်များ (e-books) ဖတ်ရှုခြင်းတို့ အတွက် အလွန်သင့်လျော်ကောင်းမွန်ကြောင်း ကုမ္ပဏီက ပြောကြားသည်။

အလားတူ Apple ကုမ္ပဏီက ၎င်းတို့၏ ပထမဆုံး ခေါက်သိမ်းနိုင်သော စမတ်ဖုန်းကို ယခုနှစ် ကုန်ပိုင်းတွင် မိတ်ဆက်ထုတ်လုပ်ဖွယ်ရှိကြောင်း အမေရိကန် မီဒီယာများက ဖော်ပြကြသည်။

မော်ဒယ်အသစ်များ ထွက်ရှိလာမှုကြောင့် ၂၀၂၆ ခုနှစ်တွင် ခေါက်သိမ်းနိုင်သော စမတ်ဖုန်းများ တင်ပို့ရောင်းချမှုပမာဏသည် တစ်နှစ်ထက်တစ်နှစ် ၂၀ ရာခိုင်နှုန်းအထိ တိုးတက်လာလိမ့်မည်ဟု အမေရိကန်မီဒီယာများက ခန့်မှန်းထားကြောင်း သိရသည်။



ကိုးကား - အင်နဲအိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

မန္တလေး-မြစ်ကြီးနားရထားလမ်းပိုင်း နန်းခွင်-ဟိုပင်ဘူတာအကြား မြန်မာ့မီးရထားပိုင် ရထားသံလမ်းထိန်းကလစ်များခိုးယူဖျက်ဆီးမှုကြောင့် ရထားလမ်းလုံခြုံရေး ကင်းလှည့်ရထားလမ်းချော်ကျမှုဖြစ်ပွား

မန္တလေး ဇူလိုင် ၂၃

ဇူလိုင် ၂၂ ရက် မွန်းလွဲ ၁၂ နာရီ ၃၇ မိနစ်တွင် မြစ်ကြီးနာ-မိုးညှင်းလမ်းပိုင်း ဟိုပင်မြို့နယ် နန်းခွင်ဘူတာမှထွက်ခွာလာသော ရထားလမ်းလုံခြုံရေးကင်းလှည့်ရထားသည် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် နန်းခွင်နှင့် ဟိုပင်ဘူတာအကြား မိုင်တိုင်၊ ၆၅၄/၂ နှင့် ၁ ကြားသို့ ရောက်ရှိစဉ် ရထားစက်ခေါင်းနှင့် အတူ တွဲ (၂)တွဲ လမ်းချော်ကျမှု ဖြစ်ပွားခဲ့သဖြင့် နန်းခွင်-ဟိုပင် လမ်းပိုင်းအား ယာယီပိတ်ထားခဲ့ရသည်။



လမ်းချော်ကျမှုဖြစ်ပွားသည့် လုံခြုံရေးကင်းလှည့်ရထားအား ပြန်လည်မတင်နေပုံ။

ဖြစ်ပွားရာနေရာသို့ မြန်မာ့မီးရထားမှ တာဝန်ရှိသူများက သွားရောက်စစ်ဆေးရာ အခင်းဖြစ်ပွားရာနေရာ၌ သံလမ်း(၃) ဆက်ပေ ၁၂၀ ခန့်နှင့် ၎င်းနေရာအနီးရှိ မိုင်တိုင်အမှတ် ၆၅၃/၁၈-၂၀ ကြားနေရာ၌ သံလမ်း(၃)ဆက်ပေ ၁၂၀ ခန့်၊ စုစုပေါင်းပေ ၂၄၀ ခန့်အတွင်း သံလမ်းထိန်းကလစ် ၄၀၈ ခုဖြတ်ယူထားကြောင်း စစ်ဆေးတွေ့ရှိရပြီး သံလမ်းထိန်းကလစ်များ ဖြုတ်ယူခံရမှုကြောင့် ယခုကဲ့သို့ မတော်တဆမှု ဖြစ်ပွားခဲ့ရခြင်းဖြစ်ကာ လမ်းချော်ကျသော စက်ခေါင်းနှင့် တွဲများ ‘မ’တင်ခြင်းနှင့် ရထားလမ်းပြုပြင်ခြင်းလုပ်ငန်းများကို အမြန်ဆုံးပြုပြင် ဆောင်ရွက်ခဲ့သည့်အတွက် ဇူလိုင် ၂၃ ရက် ညနေပိုင်းတွင် ရထားလမ်းပိုင်း ပြန်လည်ဖွင့်လှစ်နိုင်ကြောင်း သိရသည်။

လိုအပ်

အဆိုပါလုပ်ရပ်သည် ရထားစီးခရီးသွားပြည်သူများကို ထိခိုက်သေဆုံးနိုင်ပြီး ပျက်စီးဆုံးရှုံးမှုကြီးမားစွာကြုံတွေ့ရနိုင်သည့် စက်ဆုပ်ရွံရှာဖွယ်ကောင်းသော လုပ်ရပ်တစ်ခု ဖြစ်သောကြောင့် ပြည်သူများအနေဖြင့် မသမာသူများ၏လုပ်ရပ်အား တွေ့ရှိပါက ရထား မတော်တဆမှုများ ကာကွယ်နိုင်ရန်သက်ဆိုင်ရာသို့ အချိန်မီအကြောင်းကြားသွားရန် လိုအပ်သည်။

ထို့ပြင် ၂၀၁၆ ခုနှစ်၊ ဧန်နဝါရီ ၅ ရက်တွင် ထုတ်ပြန်ပြီးဖြစ်သည့် ရထားပို့ဆောင်ရေး လုပ်ငန်း ဥပဒေ၊ အခန်း ၁၈၊ ပုဒ်မ ၇၉ (ဂ) အရ ရထားလမ်းရှိ ဇလီဖားတုံး၊ ရထားလမ်းနှင့်သက်ဆိုင်သည့် မည်သည့် ဆက်စပ်နေသော အရာဝတ္ထုကိုမဆို ဆွဲထုတ်ဖယ်ရှားခြင်း၊ ဖြေလျော့ခြင်း၊ ရွှေ့ပြောင်းခြင်း (သို့မဟုတ်) ဖျက်ဆီးခြင်း အတွက် ပြစ်ဒဏ်အနေဖြင့် ပုဒ်မ (၈၄) အရ ထိုသူကို အနည်းဆုံး ၅ နှစ်မှ နှစ် ၂၀ မပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ်ကို လည်း ချမှတ်နိုင်ကြောင်း သိရသည်။

ယခုရထားသံလမ်းထိန်းကလစ်များပျောက်ဆုံးမှုနှင့်ပတ်သက်၍ အမှုမှန်ဖော်ထုတ်နိုင်ရေး ဟိုပင်မြို့နယ်ရဲစခန်းတွင် အမှုဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ဖော်ထုတ်ရရှိပါက ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေနှင့် အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

သတင်းစဉ်

ကျုံပျော်မြို့၌ ပြည်သူဗဟိုပြု ရဲလုပ်ငန်းစနစ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ဆွေးနွေးပွဲပြုလုပ်

ကျုံပျော် ဇူလိုင် ၂၃

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ရဲတပ်ဖွဲ့မှ ဦးဆောင်ကာ ပြည်သူဗဟိုပြုရဲလုပ်ငန်းစနစ် အကောင်အထည်ဖော်ဆောင်ရွက်မှု သိကောင်းစရာ ရှင်းလင်းဆွေးနွေးပွဲကို ကျုံပျော်မြို့ ပြည်သူ့အားကစား ခန်းမ၌ ဇူလိုင် ၂၂ ရက် နံနက် ၁၀ နာရီက ပြုလုပ်သည်။

ဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး ချိုနိုင်ဝင်းက ပြည်သူကို ဗဟိုပြုသော ရဲလုပ်ငန်းစနစ်အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းမင်းနိုင်က ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာ သတင်းများရရှိပါက ချက်ချင်းဆက်သွယ် သတင်းပို့ကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

နေဝင်းမြင့်(ပြန်/ဆက်)



လက်ပံတန်းမြို့နယ်၌ ဈေးနှုန်းအလေးချိန်ခွင် ပြည့်မီမှုနှင့်ကုန်စွန့်ရောင်းချရေး ကွင်းဆင်းစစ်ဆေး

လက်ပံတန်း ဇူလိုင် ၂၃

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် မြို့မဈေးကြီး၌ ပြည်သူများ သန့်ရှင်းလတ်ဆတ်ပြီး ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရန် ကြက်သား၊ ဝက်သား၊ အမဲသား၊ ဆိတ်သား၊ ငါးများရောင်းချနေမှုကို ယနေ့နံနက်ပိုင်းတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေမင်းအောင်နှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီက ကြီးကြပ်၍ ဈေးနှုန်းနှင့် အလေးချိန်မှန်ကန်စွာ ရောင်းချပေးနိုင်ရေး၊ သန့်ရှင်းလတ်ဆတ်ပြီး စားသုံးသူများအတွက် ဘေးအန္တရာယ်ကင်းရှင်းမှုရှိစေရေး၊ ကြက်ဥ၊ ဘဲဥအတုများရောင်းချပေးမှု မရှိစေရေးတို့ကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)



ကလေးနှင့်မန္တလေးတို့တွင် ငွေကျပ် ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြား ၁၅ သိန်းကျော် သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၂၃

ကလေးနှင့် မန္တလေးတို့တွင် ငွေကျပ် ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြား ၁၅ သိန်းကျော် သိမ်းဆည်းရမိပြီးတရားခံများကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေး အတွက် ငွေကြေးခဝါချမှု ဥပဒေဖြင့် ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ဇူလိုင် ၁၃ ရက် ညနေ ၄ နာရီခွဲတွင် ကလေးမြို့ အဝင်တွင် အောင်အောင်ထွန်း (ခ) အောင်ကြီး မောင်းနှင်လာသည့် SURF အမျိုးအစား မော်တော်ယာဉ်အားရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွဆေးပြား ၆ သိန်း (၎င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၅ ဘီလီယံ) ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ဖော်ထုတ်ချက်အရ ဇူလိုင် ၁၄ ရက်တွင် ကလေးမြို့ တာဟန်းရပ်ကွက်၌ အဆိုပါစိတ်ကြွ


တရားခံ အောင်အောင်ထွန်း(ခ)အောင်ကြီး၊ ထောင်းရှင်းခိုင်၊ မကျင်းဆန်းညောင်(ခ)မညာဏ် (ခ)စန်းစန်း (ခ)မညောင်နှင့် လှိုင်သလွန်း(ခ)ပါးတွောင်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ဆေးပြားများအား လက်ခံယူရန် ချိတ်ဆက်စောင့်ဆိုင်းနေသည့် ထောင်းရှင်းခိုင်အား PRADO အမျိုးအစား ယာဉ်တစ်စီးနှင့် လည်းကောင်း၊ မကျင်းဆန်း ညောင်(ခ) မညာဏ်(ခ) စန်းစန်း(ခ) မညောင်အား ကလေးမြို့ တပ်ဦး သီတာရပ်ကွက်ရှိ နေအိမ်တွင် လည်းကောင်း ဆက်လက် ဖမ်းဆီးခဲ့သည်။

ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၇ ရက်နေ့ နံနက် ၃ နာရီတွင် စိတ်ကြွဆေးပြားများအား မန္တလေးမှကလေးသို့ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူများဖြစ်သည့် ဇော်ဇော်လတ်နှင့် မန္တယ်နီလွင်တို့ နှစ်ဦးကို ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁၂) ရေချမ်းအိုးရပ်ကွက်ရှိ တည်းခိုခန်းတွင်လည်းကောင်း၊ လှိုင်သလွန်း (၁)ပါးတွောင်အား ကလေးမြို့ တာဟန်းရပ်ကွက် နယ်မြေ(၁၀) ရှိ နေအိမ်၌လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့၏ ဖော်ထုတ်ချက်အရ ယင်းနေ့နံနက် ၆ နာရီတွင် ပြည်ကြီးတံခွန်မြို့နယ် (၀) ရပ်ကွက်ရှိ နေအိမ်မှ ဇော်ဇော်လတ်နှင့် မန္တယ်နီလွင်တို့ သိမ်းဆည်းထားသည့် စိတ်ကြွဆေးပြား ၉ ဒသမ ၆ သိန်း (၎င်းဒေသတန်ဖိုး ငွေကျပ် ၁ ဒသမ ၄၄ ဘီလီယံ) ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ဖမ်းဆီးရမိမှုဖြစ်စဉ်တွင် ငွေကျပ် ၂ ဒသမ ၉၄ ဘီလီယံတန်ဖိုးရှိ စုစုပေါင်း စိတ်ကြွဆေးပြား ၁၅ ဒသမ ၆ သိန်းအား ဖမ်းဆီးရမိခဲ့ကာ စစ်ဆေးဖော်ထုတ်ချက်အရ စိတ်ကြွဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူ ထန်လမ်းကျင့်အား အမရပူရမြို့နယ် ဆောက်တောဝန္ဓာရှိ ဂိုဒေါင်တွင် ဆက်လက်ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ စိတ်ကြွဆေးပြားများအား မန္တလေးမှ ကလေးသို့ အဓိကသယ်ဆောင်ရောင်းဝယ်သူမှာ ကလေးမြို့နယ် ကန်ကြီးရွာနေ မစုမွန်လွင်(ခ) စုလေး(ခ)စု (ဖမ်းဆီးရန်ကျန်)နှင့် လားရှိုးမြို့ ရပ်ကွက်(၄)နေ အောင်ကျော်ဦး (ဖမ်းဆီးရန်ကျန်)တို့ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများအား ဆက်လက် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် ၎င်းတို့၏ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ရာမှ ရရှိသည့် ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေးအတွက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေဖြင့် ဆက်လက် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ သတင်းစဉ်

ယာဉ်အန္တရာယ်ကင်းဝေးရေး အသိပညာပေးဟောပြော

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်၌ ဇူလိုင် ၂၃ ရက် နံနက် ၁၀နာရီက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကို အထက(၅)၌ ပြုလုပ်သည်။

ဦးစွာ အထက(၅)မှ ကျောင်းအုပ် ဆရာမကြီး ဒေါ်ရီရီချိုက အမှာစကားပြောကြားပြီး အမှတ်(၄၀)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုတိယရဲမှူးမြတ်ကိုကိုက ဟောပြောသည်။

ထို့နောက် ယာဉ်အန္တရာယ်ကင်းဝေးရေး အသိပညာပေးလက်ကမ်းစာစောင်များကို ကျောင်းသား ကျောင်းသူများထံသို့ ဝေငှပေးခဲ့ကြသည်။

နိုင်ဇာလင်း(ပြန်/ဆက်)



ကလောမြို့၌ ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားများ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၃

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် ကရင်ပြည်နယ်အတွင်း စစ်ဆင်ရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်၍ ပြန်လည် ရောက်ရှိလာသည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့၌ ကျင်းပရာ အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ဒေသခံတိုင်းရင်းသား ပြည်သူများ၊ တိုင်းရင်းသား ရိုးရာအကအဖွဲ့များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။



တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နယ်မြေတည်ငြိမ်အေးချမ်းသာယာရေး အတွက် ရှေ့တန်း စစ်ဖျက်နှာများတွင် စစ်ဆင်ရေး တာဝန်များကို နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန် ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍ လည်းကောင်း၊ တိုင်းရင်းသား ရိုးရာ အတီး၊ အမှုတ်၊ အက အခုန်များဖြင့် လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

အလားတူ နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေး တာဝန်များကို ထမ်းဆောင်၍ ပြန်လည် ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲများကို သက်ဆိုင်ရာ တပ်နယ်များ၌ ကျင်းပကြရာ တပ်နယ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်

✻ အကြမ်းဖက်မှ

ပျက်စီးခဲ့သည့် အဆောက်အအုံများ၊ တမံနှင့် ဆက်စပ်ရေအား အဆောက်အအုံများကိုလည်း ဘဏ္ဍာနှစ်အလိုက် ဆက်လက်ပြုပြင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အကြမ်းဖက်လက်နက်ကိုင် သောင်းကျန်းသူများကြောင့် တမံအောက်ဘက် မိုးဗြဲ ထိန်းသိမ်းရေးစခန်းရှိ ဧည့်ရိပ်သာ၊ ရုံးအဆောက်အအုံ၊ ဝန်ထမ်းအိမ်ရာနှင့် စတုဂိုဒေါင်များ အပါအဝင် အဆောက်အအုံ ၄၄ လုံး ဖျက်ဆီးခဲ့ခဲ့ပြီး ဌာနပိုင်မော်တော်ယာဉ်(TE) တစ်စီးလည်း မီးရှို့ဖျက်ဆီးခံခဲ့ရကာ စတုဂိုဒေါင်အတွင်းရှိ ထရန်စဖော်မာများနှင့် စက်ပစ္စည်းများလည်း ဖျက်ဆီးခံခဲ့ရသည်။

ထို့အပြင် ရေပိုလွှဲထိန်းချုပ်ခန်းအဆောက်အအုံနှင့် ထိန်းချုပ်ရေးစနစ်များ၊ ရေယာဉ်သွားလမ်း ထိန်းချုပ်ခန်းအဆောက်အအုံနှင့် ထိန်းချုပ်ရေးစနစ်များ၊ (၁၀၈)ကေဗွီအေ မီးစက် တစ်လုံး၊ ထရန်စဖော်မာများနှင့် ဓာတ်အားလိုင်းများ၊ ရေပေးဝေရေးအဆောက်အအုံနှင့် ရေစက်ပစ္စည်းများလည်း ဖျက်ဆီးခံခဲ့ရသည်။ ထို့အတွက် ရေပိုလွှဲတံခါးများကို အလိုအလျောက် လျင်မြန်စွာဖွင့်ပိတ်၍ မရခြင်းကြောင့် တမံရေထိန်းညှိထုတ်လွှတ်ရေး လုပ်ငန်းများဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာခြင်းနှင့် ရေယာဉ်သွားလမ်းတံခါးများ အဖွင့်အပိတ်ပြုလုပ်၍ မရခြင်းကြောင့် အများပြည်သူများ ရေကြောင်းခရီးသွားလာမှုအပေါ် ထိခိုက်ခဲ့ရပြီး မိုးဗြဲရေလှောင်တမံနှင့် စခန်းတစ်ခုလုံးတွင် အကြမ်းဖက်လက်နက်ကိုင် သောင်းကျန်းသူများ၏ ဖျက်ဆီးခဲ့မှုများကြောင့် နိုင်ငံတော်မှ ငွေကျပ် ၁၀ ဘီလီယံခန့် ပျက်စီးဆုံးရှုံးခဲ့ရသည်။

နယ်မြေလုံခြုံရေး အခြေအနေများ ကောင်းမွန်ပြီး ၂၀၂၅ ခုနှစ် ဇူလိုင် ၂၇ ရက်မှသာ ဌာနဝန်ထမ်းများသည် မိုးဗြဲရေလှောင်တမံသို့ ပြန်လည်ဝင်ရောက်နိုင်ခဲ့ပြီး ရေလှောင်တမံ ဧရိယာဝန်းကျင်တွင် မိုင်းအန္တရာယ်ရှင်းလင်းခြင်းကို နယ်မြေခံတပ်မဌာနချုပ်နှင့် ဌာနဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်၍ တမံပတ်ဝန်းကျင် နှင့် အဆောက်အအုံပတ်ဝန်းကျင် သစ်ပင်ချုံနွယ်များ ရှင်းလင်းခြင်းတို့ကိုလည်း ဌာနပိုင်စက်/ယာဉ်ယန္တရား သုံးစီးဖြင့် ရှင်းလင်းဆောင်ရွက်ခဲ့ကာ အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူများ၏ ဖျက်ဆီးခဲ့မှုများအပေါ် ပြန်လည် ပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

မိုးဗြဲရေလှောင်တမံသည် ရှမ်းပြည်နယ် (တောင်ပိုင်း) ဖယ်ခုံမြို့၏ အရှေ့တောင်ဘက် ၉ ဒသမ ၅ မိုင်ခန့်အကွာ ဘီလူးချောင်းပေါ်တွင် တည်ရှိပြီး တမံအလျားပေ ၈၀၀၀ နှင့် အမြင့် ပေ ၆၀ ရှိသည့် မြေသားတမံအမျိုးအစားဖြစ်၍ ရေပိုလွှဲတံခါးပေါက် လေးခုနှင့် ရေယာဉ်သွားလမ်း(Navigation Lock Gate) တစ်ခု ပါရှိကာ မိုးဗြဲရေလှောင်တမံကို နိုင်ငံတော် ဘဏ္ဍာရန်ပုံငွေဖြင့် ၁၉၆၇ ခုနှစ်တွင် စတင် တည်ဆောက်ခဲ့ပြီး ၁၉၇၀ ပြည့်နှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည်။

မိုးဗြဲရေလှောင်တမံသည် ဘီလူးချောင်း အမှတ်(၁၊၂၊၃) ရေအားလျှပ်စစ်စက်ရုံများ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သောရေပမာဏနှင့် တမံအောက်ဘက်ရှိ ဆည်ရေသောက် ဧရိယာ ဧက ၂၀၀၀၀ အတွက် စုစုပေါင်းရေပမာဏ ဧကပေ ၆၈၇၀၀၀ ကို သိုလှောင်ထိန်းညှိ ထုတ်လွှတ်ပေးလျက်ရှိသည်။ ထို့အပြင် မိုးဗြဲရေလှောင်တမံသည် ရေယာဉ်သွားလမ်း ထည့်သွင်းတည်ဆောက် ထားသည့်အတွက် ရေကြောင်းခရီးသွားလာမှုအပေါ် အထောက်အကူပြုလျက်ရှိပြီး တမံအထက်ဘက်ရှိ အင်းလေးကန်၏ သဘာဝ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှု လျော့နည်း သက်သာစေရေးအတွက် လည်းကောင်း၊ တမံအောက်ဘက်ဒေသများတွင် ရေကြီး ရေလျှံမှု ထိန်းသိမ်းလျှော့ချနိုင်ရေးတို့အတွက် လည်းကောင်း တစ်ဖက်တစ်လမ်းမှ ထိန်းသိမ်း ပေးလျက်ရှိသည့် ဘက်စုံရေလှောင်တမံကြီး ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

ကြေးမုံ ပြည်သူ့ထံမှ ပေးစာများ

မီးပို့ဝိုင်လေးတော့ ထားပေးစေချင်

စာတည်းမှူးခင်ဗျား

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ဧရာဝတီလမ်းမကြီးနှင့် နဝရတ်လမ်းဆုံ(သာကေတမြို့နယ် နယ်မြေရဲစခန်းအနီး)တွင် နေ့စဉ်နှင့်အမျှ ယာဉ်အသွားအလာ ရှုပ်ထွေးလျက်ရှိပါသည်။

သာကေတ၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်များသို့ ပြေးဆွဲလျက်ရှိသော YBS ယာဉ်လိုင်းများနှင့် ဆိုင်ကယ်ကယ်ရီများ မကြာခဏဆိုသလို ယာဉ်တိုက်မှုများ ဖြစ်ပွားလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် မီးပို့ဝိုင် ထားရှိပေးပါရန် စာတည်းမှူးမှတစ်ဆင့် တင်ပြအပ်ပါသည်။

ယာဉ်အန္တရာယ်ကင်းရှင်းစေလိုသူ

အိမ်ရာတိုက်ခန်းခေါင်းရင်းရှိ ကြက်များသတ်ဖြတ်သည့် တဲအား ယနေ့တိုင် ရှင်းလင်းဖယ်ရှားမှု မရှိသေးကြောင်း တာဝန်ရှိသူများသိစေလို

စာတည်းမှူးခင်ဗျား

ဦးစွာအနေဖြင့် ပြည်သူ့ထံမှ ပေးစာများကို နိုင်ငံပိုင်သတင်းစာတို့တွင် ဖော်ပြပေးလာမှုအား ပြည်သူအားလုံးက ဝမ်းမြောက်ဝမ်းသာဖြင့် ကြိုဆိုလျက်ရှိပြီး ကျေးဇူးတင်ရှိနေပါကြောင်း ပြောကြားလိုပါသည်။

ဇူလိုင် ၁၇ ရက် ကြေးမုံသတင်းစာ၏ စာမျက်နှာ ၁၇ တွင် ဖော်ပြပါရှိသည့် အိမ်ရာတိုက်ခန်းခေါင်းရင်းရှိ ကြက်များသတ်ဖြတ်သည့်တဲအား ဖယ်ရှားပေးစေလို ပြည်သူ့ထံပေးစာကို ဖော်ပြထားသော်လည်း ဒဂုံဆိပ်ကမ်းမြို့နယ် ယုနေဥယျာဉ်အိမ်ရာ စီဘလောက် တိုက် ၃၇ ခေါင်းရင်းတွင်ရှိသည့် ကြက်များသတ်ဖြတ်သည့်တဲအား ယနေ့တိုင် ရှင်းလင်းဖယ်ရှားပေးမှုမရှိဘဲ ကြက်များကို နေ့လယ်ဘက်ပါမကျန် ဆက်လက်သတ်ဖြတ်နေပါသည်။

တိုက်ခန်းနေပြည်သူများနှင့် အမှတ်(၄) အထက်တန်းကျောင်းသို့ စီ(၁၄)လမ်းမှ နံနက်၊ နေ့လယ်နှင့် ညနေပိုင်းတို့တွင် သွားလာနေကြသည့် ကျောင်းသား ကျောင်းသူများအနေဖြင့် ကြက်ပြုတ်အိုးမှ ထွက်လာသော အနံ့အသက်၊ မီးခိုးငွေ့၊ ကြက်သွေး၊ ကြက်အမွေးများနှင့် စွန့်ပစ်အရည်များကို တွေ့မြင်ရှုရှိုက်နေရ၍ ကျန်းမာရေးညီညွတ်မှု မရှိသော လုပ်ဆောင်မှုကို အမြန်ဆုံး ရှင်းလင်းဆောင်ရွက်ပေးနိုင်ပါရန်နှင့် ရှင်းလင်းဆောင်ရွက်ပြီးစီးမှုကို သက်ဆိုင်ရာဌာနမှ သတင်းစာ၌ အများပြည်သူဖတ်ရှုနိုင်ရန်အတွက် ဖော်ပြပေးနိုင်ပါရန် စာတည်းမှူးမှတစ်ဆင့် တင်ပြလိုက်ရပါသည်။

ကျောင်းသားမိဘတစ်ဦး

ပြည်သူ့ထံမှ ပေးစာများ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှ ပေးစာကဏ္ဍသို့ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာအပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှ ပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက် အမှတ်(၇၇)၊ (၅၂) လမ်း (မဟာဗန္ဓုလလမ်းထောင့်) ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့နှင့် themirror.npt@gmail.com သို့ လိပ်မူပေးပို့နိုင်ပါသည်။

စာအုပ်စာပေ လူ့မိတ်ဆွေ



ရေကြည်မြို့နယ်၌ ရေဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေး ဓာတ်တိုက်လေ့ကျင့်

ရေကြည် ဇူလိုင် ၂၃

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်တွင် ရေဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်ရေး ဓာတ်တိုက်လေ့ကျင့်ခြင်းကို ငါးသိုင်းချောင်း ဝဝန်ရပ်ကွက် ဆိုင်တန်းလမ်းအတွင်း၌ ဇူလိုင် ၂၂ ရက်က ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးနိုင်ဦးဆောင်၍ ကျူပျော်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစောထွန်းဝင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသန်းဇော်လင်းနှင့် တာဝန်ရှိသူများပူးပေါင်း၍ သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာပါက အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် ကြိုတင်ဓာတ်တိုက်လေ့ကျင့်ခြင်း၊အရေးပေါ်ရှာဖွေကယ်ဆယ်ရေး အထောက်အကူပြုပစ္စည်းများဖြင့် ရှာဖွေကယ်ဆယ်ခြင်း၊ အသက်ကယ်အင်္ကျီဝတ်ဆင်နည်း၊ သဘာဝဘေးဒဏ်ခံရသည့် လူနာများအား ရှေးဦးသူနာပြုစုနည်းဖြင့် ကုသခြင်းတို့ကို သရုပ်ပြဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့ လုပ်ငန်းညှိနှိုင်းစည်းဝေး

ပုသိမ် ဇူလိုင် ၂၃

ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/၂၀၂၆) ကို ယမန်နေ့မွန်းလွဲပိုင်းတွင် ပုသိမ်မြို့ရှိ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၂) ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့ ဥက္ကဋ္ဌ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိုးမင်းဦးက အမှာစကား ပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ ဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီး စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးအောင်စန်းချစ်က တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ ဖြည့်စွက်မှာကြားသည်။

ယင်းနောက် တွဲဖက်အတွင်းရေးမှူး(၁) ကိုယ်စား လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သူနှင့် တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့ဝင်များက သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးတင်ပြရာ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့ ဥက္ကဋ္ဌက လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

တိုင်းရင်းသားရေးရာ အသိပညာပေးဟောပြောခြင်းနှင့် အခြေခံစက်ချုပ်သင်တန်း ဖွင့်လှစ်

တွံတေး ဇူလိုင် ၂၃

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်တွင် တိုင်းရင်းသား အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် တိုင်းရင်းသားရေးရာ အသိပညာပေး ဟောပြောခြင်းနှင့် ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာ လိုအပ်ချက် ဆန်းစစ်စီမံခြင်းနှင့် အခြေခံစက်ချုပ်သင်တန်းကို ယမန်နေ့ နံနက်ပိုင်းက စာဖြူစုကျေးရွာနှစ်ခြင်း ခရစ်ယာန်ကျောင်း၌ ကျင်းပသည်။



ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးက အမှာစကား ပြောကြားသည်။ ဆက်လက်၍ သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးကျော်အောင်ဝင်းက ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းရင်းသား အခွင့်အရေးများ ကာကွယ် စောင့်ရှောက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဖြူဖြူဝင်းက တိုင်းရင်းသား အခွင့်အရေးများ ကာကွယ် စောင့်ရှောက်သည့် ဥပဒေနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အသက်မွေးဝမ်းကျောင်းပညာ လိုအပ်ချက် ဆန်းစစ်ခြင်း၊ စစ်တမ်းကောက်ယူခြင်းကို တာဝန်ရှိသူများက ကျေးရွာအတွင်း ကွင်းဆင်းဆောင်ရွက်ကြသည်။ အဆိုပါ အခြေခံစက်ချုပ်သင်တန်းတွင် သင်တန်းသူ ၂၀ တက်ရောက်ကာ သင်တန်းမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ မျိုးလှိုင် (တွံတေး)

ကော့ကရိတ်မြို့၌ ရေဘေးသဏ္ဌာန်တူရှာဖွေကယ်ဆယ်ရေးသရုပ်ပြလေ့ကျင့်

ကော့ကရိတ် ဇူလိုင် ၂၃

ကော့ကရိတ်ခရိုင်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီ၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် ရေဘေးသရုပ်ပြဓာတ်တိုက်လေ့ကျင့်ခြင်းနှင့် အသိပညာပေးဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက အမှတ်(၅) ရပ်ကွက် လှိုင်ဝအင်း၌ ကျင်းပသည်။

ဦးစွာ ကော့ကရိတ်ခရိုင် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌ ဦးဥက္ကာက အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်မီးသတ်စခန်းမှ ရာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များနှင့် မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့တို့က ချောင်းအတွင်း ရေနစ်နေသူအား ကူညီကယ်ဆယ်ပေးပုံအဆင့်ဆင့်



တို့ကို သရုပ်ပြဓာတ်တိုက်လေ့ကျင့်ခဲ့ကြသည်။

ထို့နောက် တာဝန်ရှိသူများက ကယ်ဆယ်ရေးအဖွဲ့များအား ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ရန်ကင်းမြို့နယ် လေ့ကျင့်ရေးအလယ်တန်းကျောင်း၌ ကျောင်းကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်

ရန်ကင်း ဇူလိုင် ၂၃

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး၏ လမ်းညွှန်မှုဖြင့် ယနေ့နံနက်ပိုင်းက ကျောင်းကျန်းမာရေးဌာနမှ ဒေါက်တာ နန်းစံအုံထူး (သွားနှင့်ခံတွင်းကျန်းမာရေး)



ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက ရန်ကင်းမြို့နယ် လေ့ကျင့်ရေးအလယ်တန်းကျောင်း၌ ကျောင်းကျန်းမာရေးလုပ်ငန်းများကို ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးပညာပေးဟောပြောခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ပဏာမမျက်စိစစ်ဆေးပေးခြင်း၊ သွားနှင့်ခံတွင်းရောဂါများ စစ်ဆေးပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ထို့ပြင် တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးနှင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးဆိုင်ရာ အသိပညာပေး ဟောပြောမှုများ ပြုလုပ်သည်။

ကျောင်းသား ကျောင်းသူများအား စနစ်မှန်သွားတိုက်နည်းကို လက်တွေ့သရုပ်ပြသင်ကြားပေးခဲ့ပြီး ကျောင်းမုန့်ဈေးတန်းများအား ကျန်းမာရေးနှင့် ညီညွတ်စေရေးအတွက် စစ်ဆေးကြည့်ရှုခြင်းများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ လှလှထွေး(ပြန်/ဆက်)



ပြင်ဦးလွင်မြို့ ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ နယ်လှည့်ကွင်းဆင်းဆေးကုသ

ပြင်ဦးလွင် ဇူလိုင် ၂၃

ပြင်ဦးလွင်မြို့ ခုတင်(၃၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါ်သင်းသင်းအိ ဦးဆောင်၍ အထူးကုဆရာဝန်ကြီးများ၊ ကျွမ်းကျင်ဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများသည် ယနေ့တွင် နိုင်ငံဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)ရှိ ပတ္တမြားခန်းမဆောင်၌ ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်ပေးသည်။

နယ်လှည့်ကွင်းဆင်းဆေးကုသရေးအဖွဲ့သည် နိုင်ငံဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)တွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့်မိသားစုဝင်များ၊ သင်တန်းသား သင်တန်းသူများအား အထွေထွေရောဂါ၊ ကလေးလူနာများ၊ ခွဲစိတ်လူနာများ၊ အကြောအဆစ်ရောဂါ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် သားဖွားမီးယပ်လူနာများ၊ အရိုးနှင့် ထိခိုက်ဒဏ်ရာရလူနာများ၊ သွားနှင့်ခံတွင်းရောဂါများကို စမ်းသပ်စစ်ဆေးကုသပေးပြီး မျက်စိလူနာများအား စမ်းသပ်ကုသပေးခြင်း၊ မျက်မှန်အခမဲ့စမ်းသပ်လူဘဲန်းခြင်း၊ Ultrasound အခမဲ့ရိုက်ကူးပေးခြင်း၊ ဓာတ်မှန်ရိုက်ပေးခြင်း၊ ဓာတ်ခွဲအခမဲ့စစ်ဆေးပေးခြင်း၊ ECG အခမဲ့ဆွဲပေးခြင်း၊ ဆေးဝါးအခမဲ့ထုတ်ပေးခြင်း၊ ကာကွယ်ဆေးထိုးပေးခြင်းနှင့် ကျန်းမာရေးပညာပေးခြင်းတို့ ဆောင်ရွက်ကြရာ နိုင်ငံဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

စမ်းချောင်းမြို့နယ်၌ ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ကျင်းပ

စမ်းချောင်း ဇူလိုင် ၂၃

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်တွင် ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဇူလိုင် ၂၂ ရက်က ကျွန်းတော (တောင်)ရပ်ကွက် ကျွန်းတောရပ်မွာရုံ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးလွတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်က ပြည်သူ့စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဘဝင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးထွန်းဝင်း၊ မြို့နယ်လဝက ဦးစီးမှူး ဦးထွန်းငြိမ်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသူရဆွေ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒေါက်တာမိမိခိုင်၊ မြို့နယ်စည်ပင်သာယာလက်ထောက်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုကိုမြတ်နှင့် ဌာနအသီးသီးမှ တာဝန်ရှိသူများက ဌာနအလိုက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

စမ်းချောင်း(ပြန်/ဆက်)



အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)၌ အားကစားသရုပ်ပြ

မန္တလေး နှုလိုင် ၂၃

ပညာရေး ဝန်ကြီးဌာနနှင့် အားကစားရေးရာ ဝန်ကြီးဌာနတို့ ပူးပေါင်း၍ အားကစားနည်းများ သရုပ်ပြခြင်းကို နှုလိုင် ၃တိယပတ်က ချမ်းမြသာစည် မြို့နယ် အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး) ဗိဇိနမ် အားကစားခန်းမ၌ ပြုလုပ်သည်။



အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)မှ သင်တန်းသား သင်တန်းသူများက ကရာတေး၊ တိုက်ကွမ်ဒို၊ ဗိဇိနမ်၊ ဝူရှူး (ထောက်လှုံ)(ဆန်းဆို)၊ ဂျူဒို၊ အလေးမ အားကစားနည်းများ သရုပ်ပြပြီး အားကစားနှင့် ကာယပညာဦးစီးဌာန အားကစား နှင့် ကာယပညာသိပ္ပံ (မန္တလေး) ကျောင်းအုပ်ကြီး ဦးမြင့်ခိုင်က ကျောင်းသား ကျောင်းသူများအား အားကစားပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

(၃၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်းလေ့ကျင့်နေမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် နှုလိုင် ၂၃

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးကျော်ဦး၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးထွန်းထွန်းဦးနှင့် ဒုတိယညွှန်ကြားရေးမှူးများသည် ယမန်နေ့နံနက်ပိုင်းက ၂၀၂၇ခုနှစ်တွင် မလေးရှားနိုင်ငံ၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၃၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံအားကစားကွင်းအတွင်း၌ စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် ပဏာမလက်ရွေးစင်အလေးမ အားကစားသမားများနှင့် ဝူရှူး အားကစားသမားများ၏ လေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ ခန္ဓာကိုယ်ကျန်းမာကြံခိုင်မှုရှိစေရေးအတွက် လေ့ကျင့်မှုများ၊ သတ်မှတ်စံချိန်စံညွှန်းများ ပြည့်မီအောင်ကြိုးစားပြီး ပြိုင်ပွဲတွင် အောင်မြင်မှုဆုတံဆိပ်များရရှိရန် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ မှာကြားသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် ပညာသင်လေ့ကျင့်လျက်ရှိသော ရေကူး၊ ဂျူဒို နှင့် Gym ခန်းမတွင် စုပေါင်းလေ့ကျင့် Gym ကစားနေကြသည့် တိုက်ကွမ်ဒို၊ ကရာတေး၊ Boxing ၊ မြှားပစ်၊ ဘော်လီဘော၊ ရွက်လှေ၊ လေ့လော့ ၊ ပိုက်ကျော်ခြင်းကစားသမားများကို ကြည့်ရှုစစ်ဆေးပြီး မြန်မာ့လက်ရွေးစင် တက်(ဂ်)ဘော အားကစားသမားများ လေ့ကျင့်နေမှုများ၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)ရှိပညာသင်လေ့ကျင့်လျက်ရှိသောပြေးခုန်ပစ်၊ ဝူရှူးနှင့် ISPE ဘောလုံးအသင်းများ၏ လေ့ကျင့်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)



မသန်စွမ်းအားကစားကလွှာတိုးတက်စေရေးနှင့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ပေါ်ထွက်လာစေရေး မျိုးဆက်သစ်အားကစားသမားများကို ရှာဖွေဖိတ်ခေါ်လျက်ရှိ

ရန်ကုန် နှုလိုင် ၂၃

မြန်မာနိုင်ငံတွင် မသန်စွမ်းအားကစားကလွှာ အရှိန်အဟုန်မြင့်တိုးတက်လာစေရန်နှင့် နိုင်ငံတကာပြိုင်ပွဲများ၌ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် မျိုးဆက်သစ် ထူးချွန်မသန်စွမ်း အားကစားသမားများ စဉ်ဆက်မပြတ် ပေါ်ထွက်လာစေရန် ရည်ရွယ်၍ နိုင်ငံတစ်ဝန်းမှ အားကစားဝါသနာပါသည့် မသန်စွမ်းလူငယ်များကို ရှာဖွေဖိတ်ခေါ်သည့် အစီအစဉ်များ ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်မှ သိရသည်။



အဖွဲ့ချုပ်အနေဖြင့် လက်ရှိတွင် နိုင်ငံတစ်ဝန်းရှိ ပါရဂူပါသည့် အားကစားသမားများအား စီစစ်ရွေးချယ်လေ့ကျင့်ပေးနိုင်ရန် အထူး စီမံချက်များရေးဆွဲကာ မျိုးဆက်သစ် အားကစားသမားများ ရှာဖွေရေးအစီအစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စီစစ်ရွေးချယ်လျက်ရှိရာ အားကစားဝါသနာပါပြီး ကြိုးစားလိုစိတ်ရှိသည့် မသန်စွမ်း လူငယ်များရှိပါက မြန်မာနိုင်ငံ မသန်စွမ်းအားကစား အဖွဲ့ချုပ်သို့ တိုက်ရိုက်ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

TMK

မြန်မာနေရှင်နယ်လိဂ်ကလပ် ရန်ကုန်စီးတီးအသင်း ထိုင်းနိုင်ငံ၌ ရာသီကြိုလေ့ကျင့်နေပြီး ခြေစမ်းပွဲများကစားလျက်ရှိ



ရန်ကုန်စီးတီးအသင်းနှင့် Pluak Daeing United အသင်းတို့ ခြေစမ်းကစားစဉ်။

ရန်ကုန် နှုလိုင် ၂၃

၂၀၂၆-၂၀၂၇ ရာသီ MNL ပြိုင်ပွဲသို့ တန်းတက်ကစားခွင့်ရထားသည့် မြန်မာနေရှင်နယ်လိဂ်ကလပ် ရန်ကုန်စီးတီးအသင်းသည် ထိုင်းနိုင်ငံ၌ ရာသီကြိုလေ့ကျင့်နေပြီး ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားလျက်ရှိသည်။

ရန်ကုန်စီးတီးအသင်းသည် နှုလိုင် ၂၀ ရက် ညနေပိုင်းက ထိုင်းနိုင်ငံ သို့ထွက်ခွာခဲ့ပြီး နှုလိုင် ၂၁ ရက်မှစ၍ လေ့ကျင့်နေခြင်းဖြစ်သည်။ ထိုင်းခရီးစဉ် ပထမဆုံးခြေစမ်းပွဲအဖြစ် ထိုင်းလိဂ်-၃ ကလပ် Pluak Daeing United အသင်းနှင့် ခြေစမ်းကစားရာ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ခြေစမ်းပွဲကို မိနစ် ၃၀ သုံးပိုင်းခွဲ ကျင်းပခဲ့ပြီး ရန်ကုန်စီးတီးအသင်းသည် စီနီယာကစားသမားများနှင့် လူငယ်ကစားသမားများ တွဲဖက်အသုံးပြုခဲ့သည်။ ပထမပိုင်းနှင့် ဒုတိယပိုင်းတွင် ဂိုးမသွင်းနိုင်ဘဲ တတိယပိုင်းတွင် နေလင်းသန့်နှင့် ထက်အာကာဝင်းတို့က ရန်ကုန်စီးတီးအသင်းအတွက် ဂိုးများသွင်းယူခဲ့သည်။ ရန်ကုန်စီးတီးအသင်းသည် ထိုင်းခရီးစဉ်တွင် ထိုင်းကလပ်များအပြင် ထိုင်းနိုင်ငံ၌ လာရောက် လေ့ကျင့်နေသည့် အရှေ့အလယ်ပိုင်းမှ ကလပ်အသင်းများနှင့် ခြေစမ်းပွဲများ ကစားမည်ဖြစ်သည်။

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-YCFC

❖ MNL မှ

နှုလိုင် ၂၂ ရက်ကကျင်းပသည့်ပွဲတွင် ရန်ကုန်စီးတီးအသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ နှစ်ဂိုးစီသရေကျခဲ့သည်။ ရန်ကုန်စီးတီးအသင်းသည် ဦးဆောင်ဂိုးသွင်းယူပြီးမှ နှစ်ဂိုးပြန်ပေးရသဖြင့် နောက်မှလိုက်ကစားခဲ့ရကာ ချေပဂိုးပြန်သွင်းနိုင်သဖြင့် သေရေကျခဲ့ခြင်းဖြစ်သည်။ နှုလိုင် ၂၃ ရက်က ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက စစ်ကိုင်းယူနိုက်တက်အသင်းကို လေးဂိုး-ဂိုးမရှိ၊ Falcon အသင်းက Chinland အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။ ရန်ကုန်ယူနိုက်တက်အသင်းသည် ဒုတိယပိုင်းသွင်းဂိုးများဖြင့် ဂိုးပြတ်အနိုင်ရခဲ့ပြီး မြန်မာ ယူ-၁၇ လူငယ်လက်ရွေးစင်အသင်းဖြစ်သော Falcon အသင်းမှာလည်း အမှတ်ပြည့်ရယူနိုင်ခဲ့သည်။

ပွဲစဉ် (၁၀) တတိယနေ့ကို နှုလိုင် ၂၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး သီဟဒီပကွင်း၌ မြဝတီအသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်း၊ ဗဟန်းမြက်ခင်းတုကွင်း၌ ရတနာပုံအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း - မောင်စံကြီး၊ ဓာတ်ပုံ - MNL

☆ MFF မှ

MIU အသင်းပွဲတွင် လေးဂိုးစီ သရေကျနေသဖြင့် ပင်နယ်တီဖြင့် ဆုံးဖြတ်ရာ M2K အသင်းက လေးဂိုး-သုံးဂိုး စုစုပေါင်း ရှစ်ဂိုး-ခုနစ်ဂိုးဖြင့် အနိုင်ရရှိသည်။ ဆီမီးဖိုင်နယ်ရောက်လာသည့် လေးသင်းအနက် KSL အသင်းသည် အပျော်တမ်းအသင်းဖြစ်ပြီး နှစ်နှစ်ဆက်တိုက် အပျော်တမ်းပြိုင်ပွဲတွင် ဗိုလ်စွဲထားကာ ယခုပြိုင်ပွဲတွင် ပရိုကလပ် အသင်းအချို့ကို ကျော့်ဖြတ်ကာ ယခုအဆင့်ထိ တက်ရောက်လာခြင်းဖြစ်သည်။ ထို့ပြင် ဆီမီးဖိုင်နယ်တက်ရောက်လာသည့် အသင်းများအနက် YRG အသင်းနှင့် YCDC Dream Team အသင်းသာ နိုင်ငံခြားသား ကစားသမားများ ခေါ်ယူထားပြီး လက်ရွေးစင်ကစားသမားအများစု ပါဝင်နေသည့် အသင်းနှစ်သင်းလည်းဖြစ်သည်။

တတိယနေ့ရာလုပွဲနှင့် ဗိုလ်လုပွဲကို နှုလိုင် ၂၆ ရက်တွင် ဆက်လက် ကျင်းပမည်ဖြစ်သည်။

သတင်း - ရှိုင်းထက်ဇော်
ဓာတ်ပုံ-MFF

ပြည်မြို့နယ်၌ အသက် (၁၈)နှစ်အောက် အမျိုးသား/အမျိုးသမီး ဘောလုံးပြိုင်ပွဲဖွင့်

ပြည် နှုလိုင် ၂၃

ပဲခူးတိုင်းဒေသကြီး (အနောက်) ပြည်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား အသက် (၁၈) နှစ်အောက် အမျိုးသား/အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ပြည်မြို့ ရွှေကူရပ်ကွက် မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ ပြည်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးက အမှာစကားပြောကြားသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲတွင် ပြည်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အသင်းများမှ အားကစားသမားများနှင့် အားကစားဝါသနာရှင် မိဘပြည်သူများ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

ဝဏ္ဏထွန်း(ပြန်/ဆက်)



မြဝတီမြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်ခြင်းအခမ်းအနား ကျင်းပ

မြဝတီ ဇူလိုင် ၂၃

မြဝတီမြို့တွင် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် အမှတ်(၄) ရပ်ကွက် အခြေခံပညာမူလတန်း (လွန်)မြေနီကုန်းကျောင်း၌ ကျင်းပသည်။



ဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ကျော်သန်းက အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်မော်အောင် က နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆောင်ရွက်ပေးမှုနှင့်ပတ်သက်၍ ပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက လမင်းစီမံချက်ဖြင့် ဆောင်ရွက်ပြီးစီးသည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UIDကတ်များ မရှိသေးသော အသက်(၁၀)နှင့်အထက် ကျောင်းသား ကျောင်းသူ ၇၅ ဦးအား လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆောင်းနှင်းဖြူ(ပြန်/ဆက်)

တာမွေမြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ ကျန်းမာရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဇူလိုင် ၂၃

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှဝန်ထမ်းများက မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် ကျန်းမာရေးဆိုင်ရာအသိပညာပေးခြင်းလုပ်ငန်းများကို ယမန်နေ့က ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုကဲ့သို့ဆောင်ရွက်ပေးရာတွင် တာမွေမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများအား ပုံမှန်ကျောင်းကျန်းမာရေးစစ်ဆေးပေးကြပြီး ကျန်းမာရေးနှင့်အညီ နေထိုင်စားသောက်တတ်စေရန်ရည်ရွယ်၍ ကျန်းမာရေးဆိုင်ရာ အသိပညာပေးကဏ္ဍများကို ရွတ်ဆိုသင်ကြားပေးခဲ့သည်။ ထို့နောက် သွားနှင့်ခံတွင်းကျန်းမာရေးအတွက် စနစ်မှန်သွားတိုက်နည်းကို လက်တွေ့သရုပ်ပြသင်ကြားပေးခြင်း၊ ပဏာမမျက်စိကျန်းမာရေး စစ်ဆေးပေးခြင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါကြိုတင်ကာကွယ်ရေးအတွက် သန့်ရေးသန့်နှင့်ပတ်သက်၍ အသိပညာပေးဟောပြောခြင်း၊ အခြေခံပညာကျောင်းများ၌ သွေးလွန်တုပ်ကွေးရောဂါမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

နိုင်လင်းအောင်(ပြန်/ဆက်)

ကျွန်းစုမြို့နယ်၌ သမဝါယမအသင်းသားတောင်သူများအား သွင်းအားစုများပေးအပ်

ကျွန်းစု ဇူလိုင် ၂၃

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ နိုင်ငံစိုးပွားဖြင့်တင်ရေးရန်ပုံငွေဖြင့် သမဝါယမအသင်းသား တောင်သူများအား သွင်းအားစုပေးအပ်ပွဲကို ယမန်နေ့က ပဲယာကျေးရွာအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အဆင့် မိုးစပါးစိုက်ပျိုးရေးစီမံကိန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်စန်းဝင်းက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဦးစိမ့်စိမ့်ထွန်းက တောင်သူများအား သွင်းအားစုပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျွန်းစုမြို့နယ်အတွင်း ပဲယာကျေးရွာ သမဝါယမယာနှင့်အထွေထွေ သမဝါယမအသင်းမှ အသင်းသားတောင်သူ ၈၅ ဦး၊ စိုက်ပျိုးဧက ၄၅၀ အတွက် ပုံပိုးငွေကျပ် ၁၁၂၅ သိန်းနှင့်ညီမျှသော သွင်းအားစုများကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

(၂၃-၇-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၆၃.၇ ~ ၃၆၆၈	၅၅၈ ~ ၅၅၈.၇	၁၂၅.၅ ~ ၁၂၅.၇	၄၃.၆
ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏ	၁၂,၆၉၂,၅၄၇.၅၄	၂၁,၇၈၄,၃၈၈.၅၉	၁၃,၉၂၁,၇၂၁.၃၆	-
ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့်ပမာဏ				

ဈေးကွက်အတွင်းရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ထုပ်ပိုးမှုပစ္စည်း၊ တိရစ္ဆာန်အစာ၊ ဓာတ်မြေဩဇာ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ စာရေးကိရိယာတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ အမေရိကန်ဒေါ်လာ ၂.၇၂ သန်းအား စားသုံးဆီကဏ္ဍသို့လည်းကောင်း၊ အမေရိကန်ဒေါ်လာ ၀.၀၂ သန်းအား CMP ကဏ္ဍသို့လည်းကောင်း ရောင်းချပေးခဲ့ပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဟုမ္မလင်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်

ဟုမ္မလင်း ဇူလိုင် ၂၃



ဟုမ္မလင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးဌာနရုံးက ယမန် နေ့နံနက်ပိုင်းတွင် အထက(မောင်းခမ်း)မှ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းစိန်ဖေက အမှာစကား ပြောကြားသည်။ ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးနိုင်ဖြိုးကျော်နှင့် အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးဌာနမှူးကို တိုင်းဒေသကြီးဝန်ကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစံလှစိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုအားပေးကြောင်း သိရသည်။

ဟုမ္မလင်း(ပြန်/ဆက်)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၇-၂၀၂၆

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	စဉ့်ကူ	ပုသိမ်	မြန်ကြီးနား	စစ်ကွေ့	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	ဗဟိုင်းကော်	ဟားခါး
92 Ron	၃၅၅၀	၃၄၉၀	၃၄၄၅	၃၄၆၅	၃၄၉၅	၃၅၁၀	၃၅၃၅	၃၄၈၀	၃၈၅၀	၃၅၉၀	၃၄၅၀	၃၅၂၅	၃၅၂၅	၃၅၂၅	၃၅၂၀	၃၈၅၀
95 Ron	၃၆၆၀	၃၆၀၀	၃၅၉၅	၃၄၀၅	၃၆၀၅	၃၆၂၀	၃၆၃၅	၃၅၉၀	၃၈၆၀	၃၉၀၀	၃၈၆၀	၃၆၃၅	၃၆၃၅	၃၆၃၅	၃၆၂၀	၃၈၆၀
HSD (500 ppm)	၃၈၆၀	၃၆၉၀	၃၆၅၀	၃၅၇၅	၃၆၉၅	၃၇၁၀	၃၇၃၅	၃၆၄၅	-	၃၉၈၀	၃၆၈၅	၄၀၀၀	၃၇၃၅	၃၆၉၅	၃၇၁၀	၃၉၅၀
HSD (50 ppm)	၄၁၀၅	၄၀၅၀	၄၀၁၀	၄၀၃၀	၄၀၅၅	၄၀၇၀	၄၀၈၀	၄၀၆၅	၄၀၆၅	၄၀၅၀	၄၀၆၅	၄၀၆၅	၄၀၆၅	၄၀၆၅	၄၀၇၀	၄၀၆၀
HSD (10 ppm)	၄၁၀၅	၄၀၅၀	၄၀၁၀	၄၀၃၀	၄၀၅၅	၄၀၇၀	၄၀၈၀	၄၀၆၅	၄၀၆၅	၄၀၅၀	၄၀၆၅	၄၀၆၅	၄၀၆၅	၄၀၆၅	၄၀၇၀	၄၀၆၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၃၁၆၇	၃၂၆၄
95 Ron	၃၂၂၄	၃၃၀၃
HSD (500 ppm)	၃၃၀၀	၃၄၀၇
HSD (50 ppm)	၄၀၉၉	၄၂၁၀
HSD (10 ppm)	၄၀၉၉	၄၂၁၀

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများ၀ယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၆၂၂၄၇၇

၀၆၇-၄၁၁၂၂၂၊ ၀၉-၆၈၀၅၅၉၉၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိသာ ငွေကျပ် ၇၂၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇူလိုင် ၂၃

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး၀န်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှ ဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၆ ခုနှစ် ဇူလိုင် ၂၄ ရက်မှ ၃၀ ရက်အထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိသာလျှင် ငွေကျပ် ၇၂၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် သောကြာနေ့တိုင်းထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများ အနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mmနှင့် Facebook Pageနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

သတင်းစဉ်

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ သီရိလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် – ၃၄ FG၊ မြေကွက်အမှတ် – ၁၂၃၇ ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ(၆)ထပ်တိုက်၏ စတုတ္ထထပ်(၅-လွှာ/ဘီ)၊ (ခြေရင်းခန်း) တိုက်ခန်း(၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကန်ထရိုက်တာထံမှ စာချုပ်အဆက်စပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ကာ လက်ရှိထားပိုင်ဆိုင်လျက်ရှိပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကောင်းထက်လင်း [၁၁/စတန (နိုင်) ၀၈၅၂၀၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်(၂၃-၇-၂၀၂၆) ရက်စွဲပါ ကတိစာချုပ်ဖြင့် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ ထိုအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်ငြိမ်းချမ်းဝေ (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၇၃၀)
အမှတ် -၅၀၊ ပ-ထပ်၊ အခန်း (D-10)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၆၃၀၀၆၁၆

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ သုခမွာလမ်းမ၊ အမှတ်(၃၈၆) ဟုခေါ်တွင်သော (၂)ခန်းတွဲ (၈)ထပ်တိုက် (Pent House ပါ)အဆောက်အဦးမှ မြေညီထပ် - Bအခန်း(ယာ-ခေါင်းရင်းခြမ်း) တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူများ ဖြစ်ကြသော (၁)ဦးအောင်ဝင်း(ဘ) ဦးအုန်းကျော် (၁၂/လမန (နိုင်) ၀၁၉၃၆၉)၊ (၂) ဒေါ်မြင့်မြင့်အေး (ဘ) ဦးအုန်းကျော် (၁၂/ဥကမ(နိုင်) ၀၆၉၉၆၁)၊ (၃) ဒေါ်နီနီမာ (ဘ) ဦးအုန်းကျော် (၁၂/ဥကမ(နိုင်) ၀၆၉၄၇၆)၊ (၄) ဒေါ်နီနီဝင်း (ဘ) ဦးအုန်းကျော် (၁၂/ဥကမ(နိုင်) ၀၆၉၃၃၂)၊ (၅) ဒေါ်ခိုင်ချိုဦး (ဘ) ဦးကျော်ခိုင် (၁၂/လသသယ(နိုင်) ၀၈၉၅၁၆)၊ (၆) ဒေါ်ခိုင်သဇင်ကျော် (ဘ) ဦးကျော်ခိုင် (၁၂/လသသယ(နိုင်) ၀၇၉၁၁၉)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် (၂၁-၇-၂၀၂၆) ရက်နေ့တွင် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ်ပေးအပ်ပြီးဖြစ်ပါသည်၊ အရောင်းအဝယ်ကို အပြီးသတ် ငွေချေပြီး ဆက်လက်ဆောင်ရွက်မည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်း မူရင်းများ ယူဆောင်၍ ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးခင်မောင်ရို(စဉ်-၆၃၂၀)တရားလွှတ်တော်ရှေ့နေ
အမှတ်(၆၆)၊နတ်သျှင်နောင်လမ်း၊(၁)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။ ၀၉ - ၄၃၀၈၈၅၄၉

"နှစ်ဦးပိုင်ဆိုင်သောမြေနှင့်အဆောက်အဦဖြစ်ကြောင်း အများသိစေရန်"

ဦးစိုင်းစံအေး[၁၃/လရန(နိုင်)၀၀၄၆၁၃]နှင့် ဒေါ်အေးမြတ်ဆွေ [၁၃/တကန(နိုင်)၁၄၁၃၅၇]တို့သည် (၄-၁၁-၂၀၁၀)တွင် တရားဝင်လက်ထပ် ပေါင်းသင်းခဲ့ကြသော အကြင်လင်မယားဖြစ်ပါသည်။ ရှမ်း၊ ဗမာ လူမျိုး/ ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြသောကြောင့် အတူပေါင်းသင်းစဉ် ကာလတစ်လျှောက် လက်ထပ်ပွားပစ္စည်းများကို အတူပိုင်သူများဖြစ်၍ ဒေါ်အေးမြတ်ဆွေတစ်ဦးတည်း အမည်ဖြင့် ဝယ်ယူထားသော ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City Estate တွင် တည်ရှိသော Estella Townhouses ၏ အကျယ်အဝန်း(ခန့်မှန်းစတုရန်းပေ-၁၂၁၀)ရှိ ဂရန်လျှောက်ထားဆဲ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သန်လျင်မြို့နယ်၊ Star City Estate Estella Townhouses, Stella Drive -2၊ အမှတ်(ETH-668) ဟု ခေါ်တွင်သော RC (၂)ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ဦးစိုင်းစံအေးနှင့် ဒေါ်အေးမြတ်ဆွေတို့ လင်မယားနှစ်ဦးပူးတွဲပိုင်ဆိုင်သော မြေနှင့်အဆောက်အဦဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အေးမြတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်စိုးထွန်း(ထီးချိုင့်)
LL.B(Q), D.B.L, P.D.C.W.E, WIPO(Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ် – ၈၂၅/ ၂၀၁၂)
အမှတ်(၇၀၂)၊ ဗိုလ်တေဇလမ်း၊ (၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph: 09-250000587, 09-799606825

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏အမှုသည် ဒေါ်ကေသီလွင် [၅/ဆလက(နိုင်)၀၈၀၅၂၉]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

(က) မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ကွင်းအမှတ်(၅၈၆)၊ ကွင်းအမည်–ငှက်ကြီးတောင်ကွင်း၊ ဦးပိုင်အမှတ်(၁၁၇/၁)၊ ဧရိယာ (၅.၄၀)ကေအနက်မှ အကျယ်အဝန်း (၃၀ပေx၁၃၀ပေ) မြေကွက်အမှတ်(၁၀/၁၃)(၉၀ပေx၆၀ပေ) မြေကွက်အမှတ်(၂၉/၃၀/၃၁) မြေကွက်။

(ခ) မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ရွှေပေါ်ကုန်းကျေးရွာ၊ ကျေးရွာအမည် ဆင်ကျုံး၊ ကွင်းအမှတ်(၅၀၆)၊ ကွင်းအမည် –တောကွင်း(၆)၊ ဦးပိုင်အမှတ်–(ဃ)၁၄၃၊ ဧရိယာ (၁၀.၀၁)ကေရှိ မြေကွက်။

(ဂ) မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ ကြာအင်းကျေးရွာအုပ်စု၊ ဇော်ကုန်းရွာ၊ (၁)ထပ်တိုက်နှင့် အဆောက်အဦ အပါအဝင် (၄၀ပေx၆၀ပေ) + (၄၀ပေx၆၀ပေ) (၂)ကွက်တွဲ ကျေးရွာအမည်–ခရွှန်း၊ ကွင်းအမှတ်–ကြာအင်း၊ ဦးပိုင်အမှတ်–၁၃၉/၀၁၊ ဧရိယာ (၄၀ပေx၆၀ပေ)မြေကွက်။

(ဃ) မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်၊ ဆယ်ကြီးရွာရှိ လယ်မြေ (၁၅)ကေ။

အထက်ဖော်ပြပါပစ္စည်းများသည် (၂၈-၁၁-၂၀၂၅)ရက်စွဲပါ "နှစ်ဦးပိုင်ပစ္စည်းများအား အပြီးအပြတ်ခွဲဝေလွှဲပြောင်းပေးခြင်းဆိုင်ရာနှစ်ဦးသဘောတူကတိစာချုပ်"အရ ဒေါ်ကေသီလွင် တစ်ဦးတည်းပိုင်ဆိုင်သော ပစ္စည်းများဖြစ်ပါသည်။ အဆိုပါပစ္စည်းများကို ဒေါ်ကေသီလွင်၏ သဘောတူညီမှုမရှိဘဲ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လှူဒါန်း၊ အခြားတစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်း တစ်စုံတစ်ရာပြုလုပ်ပိုင်ခွင့်မရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

ဦးသိန်းဇော် (LL.B)	**ဒေါ်မျိုးခမ်းအောင် (LL.B)(LL.M)**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**
(စဉ်-၁၇၇၁၃/၂၁-၁၂-၂၀၂၁)	**(စဉ်-၄၉၄၁၁/၂၁-၁-၂၀၁၈)**

အမှတ်-၂၁၅-၄၉၀၊ မုဒိတာအိမ်ရာ(၂)၊ ဖန်ချက်စက်လမ်း၊
ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း ၀၉-၄၂၀၀၆၁၃၅၊ ၀၉-၇၆၆၆၈၈၆၉၈၈၊ ၀၉-၆၆၆၆၁၂၃၄၉

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ဒ/၆၃)၊ ရတနာလမ်း၊ လူနေရပ်ကွက်အမှတ်(၁၇)၊ မြေကွက်အမှတ်(၁၄၄၃)၊ အကျယ်အဝန်း(၄၀' x ၆၀')ရှိ နှစ်(၆၀)ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဗိုလ်မှူးအောင်မြင့် [၁၂/မဘန(နိုင်)၀၃၈၆၈၁] အမည်ဖြင့် မှတ်သားတည်ရှိသော ဂရန်မြေကွက်အား ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးအောင်ဘုန်းမြင့်[၁၂/လသန(နိုင်)၀၂၁၄၁၅]ထံမှ ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးသန်းရွှေ[၁၁/မအန(နိုင်)၀၄၁၁၈၈]က ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ –**

ဒေါ်နှင်းဆီ (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၄၄၁)
အမှတ် (၁၈၆)၊ ဗဟိုလမ်း၊ ကျွန်း/လယ် ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၉၄၄၆၇၁၆၅

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ် (၄၃)၊ ဦးပိုင်အမှတ်(၄+၅)၊ ဒေါနဘွားကားကွင်းနှင့် ၁၉လမ်းကြား၊ ၆၀လမ်းနှင့် မြို့ပတ်လမ်းကြားရှိ ဦးညွန့်အောင် အမည်ပေါက် ဂရန်မြေကွက်အား ဖခင် ဦးညွန့်အောင်၊ မိခင် ဒေါ်အေးကြွယ်တို့ ကွယ်လွန်၍ ကျန်ရစ်သူသားသမီးများဖြစ်ကြသော ဦးဝင်းအောင်[၉/မနမ(နိုင်) ၀၆၈၄၀၀]၊ ဒေါ်ညီညီလွင် [၉/ မနမ(နိုင်) ၀၆၁၈၃၃]၊ ဒေါ်ပပအောင်[၉/မနမ(နိုင်)၀၆၁၅၂၂]၊ ဒေါ်ထားထားအောင်[၉/မနမ(နိုင်)၀၆၁၆၂၄]တို့က ဦးပိုင်ခွဲမိန့်၊ သေစာရင်း၊ တရားရုံး ကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

လင်ခန်းမယားခန်းပြတ်စဲပြီးဖြစ်ကြောင်း ကျော်သူ(ခ)ဇဟစ်နှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့ နယ်၊ မအူကုန်းရပ်ကွက်၊ (၁၃၉)လမ်း၊ မြေညီထပ်(ဘယ်)၊ တိုက်အမှတ်–၁၇နေ (ဘ)ဦးစိန်ထွန်းရီ၏ သား ကျော်သူ(ခ) ဇဟစ်နှင့် တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ (၁၄၀)လမ်း၊ (၅လွှာ–ယာ)၊ အမှတ်–၂၈နေ (ဘ)ဦးဝင်းနိုင်၏သမီး မဝေမီနိုင်(ခ)ရှုပနန်းတို့ သည် (၈–၅–၂၀၁၇)ရက်နေ့တွင် နိကာဟ်ပြုထိမ်းမြားခဲ့ပြီး မင်္ဂလာဆည့်ခံပွဲကျင်းပခဲ့ပါသည်။ ခင်ပွန်းဖြစ်သူသည် လက်ထပ်ထိမ်းမြားပြီးနောက် ကျွန်ုပ်မိတ်ဆွေအပေါ် စိတ်ဒဏ်ရာအနာတရဖြစ်အောင်နည်းမျိုးစုံဖြင့် ပြုလုပ်ခြင်းတို့ကြောင့် ခင်ပွန်းဖြစ်သူနှင့် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့ပါသဖြင့်(၂–၇–၂၀၂၆)ရက်စွဲဖြင့် ရှေ့နေမှတစ်ဆင့် အသိပေးအကြောင်းကြားစာပေးပို့ခဲ့ပါသည်။ ထို့နောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ချုပ်(ဗဟို)သို့ ဓမ္မသတ်မေးမြန်းခဲ့ပြီး (၁၈–၇–၂၀၂၆)ရက်နေ့ ဓမ္မသတ်ခုံရုံးအဖွဲ့၏ ဆုံးဖြတ်ချက်အရ ဇနီးဖြစ်သူ မဝေမီနိုင်(ခ)ရှုပနန်းအပေါ်သို့ သွလာကေဗာအင်န်ချပေး၍ လင်ခန်းမယားခန်း အပြီးပြတ်ကွာရှင်းပိုင်ခွင့်ပေးလိုက်ကြောင်း ဓမ္မသတ်ဆုံးဖြတ်ခဲ့ပါသည်။ ထိုဆုံးဖြတ်ချက်အရဇနီးဖြစ်သူမှ တရားဝင်ကွာရှင်းကြောင်း သက်သေများရှေ့မှောက်တွင် အစ္စလာမ့်တရားတော်နှင့်အညီ မြွက်ဟကြေညာခဲ့ပြီး(၂၀–၇–၂၀၂၆)ရက်စွဲဖြင့် ကျော်သူ(ခ)ဇဟစ်ထံသို့ အသိပေးစာပေးပို့ခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီအဖွဲ့ ချုပ်(ဗဟို)၏ ဓမ္မသတ်ဆုံးဖြတ်ချက်အရ အစ္စလာမ့် ဥပဒေနှင့်အညီ လင်ခန်းမယားခန်းအပြီးပြတ်ကွာရှင်းခဲ့ပြီးဖြစ်၍ ကျော်သူ (ခ) ဇဟစ်နှင့်မည်သို့မျှ ပတ်သက်မှုမရှိတော့ပါကြောင်း သက်ဆိုင်ခြင်းမရှိတော့သည့် မဝေမီနိုင်(ခ)ရှုပနန်းနှင့် စပ်လျဉ်းပြီး ဟန့်တားနှောင့်ယှက်ခြင်းတို့ တစ်စုံတစ်ရာ ပြုလုပ်ခဲ့ပါက ပြဋ္ဌာန်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကျော်သူ(ခ)ဇဟစ်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ**
မဝေမီနိုင်(ခ)ရှုပနန်း	**ဦးဇော်မြင့်ဦး(LL.B)**

တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၂၁၂/၂၀၁၈)
အမှတ်-၃၁၊ သဇင်(၃)လမ်း၊ ဒရဂံရပ်ကွက်၊ သန်လျင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ Ph-၀၉-၄၂၀၂၆၈၀၈၄

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် – ၅၊ နည်းဥပဒေ ၂၀)
မင်္ဂလာဒုံမြို့နယ်တရားရုံးတော်
၂၀၂၆ ခုနှစ် တရားမကြီးမှုအမှတ်– ၇၀

ဒေါ်သဇင်ထွန်း	နှင့်	၁။ ဦးဘညွန့်
		၂။ ဒေါ်ထွန်းယဉ်(ခ) ဒေါ်ယဉ်ယဉ်
တရားလို		**တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ လေးထောင့်ကန်ကျေးရွာ၊ ရွှေနှင်းဆီ(၅)လမ်း၊ အမှတ်(မရှိ)ရပ်နေ ဦးဘညွန့်၊ ဒေါ်ထွန်းယဉ်(ခ) ဒေါ်ယဉ်ယဉ် (ယခုနေရပ်လိပ်စာမသိသူ) တို့သိစေရမည်။

သင့်အပေါ်၌တရားလိုက **"ပဋိညာဉ်စာချုပ်ပါအတိုင်း မြေနှင့်အိမ်အား အပြီးအပိုင်အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ သင့်ကိုယ်စား ရုံးတော်အခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်ဖြစ်စေ၊ ၎င်းရှေ့နေနှင့်ဖြစ်စေ၊ **၂၀၂၆ ခုနှစ်၊ ဩဂုတ်လ (၄) ရက်၊ ၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် ၆ ရက်၊ မွန်းမတည့်မီ (၁၀:၀၀) နာရီ** အချိန်တွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါနေ့တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေတင်သွင်းလိုလျှင် **အမှုမဆိုင်မီ (၄)ရက်က** တင်သွင်းရမည်။

၂၀၂၆ ခုနှစ် ဇူလိုင်လ (၂၁) ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သက်ပိုင်မှူး)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
မင်္ဂလာဒုံမြို့နယ်တရားရုံး

ကေရာင် အိမ်ခြံမြေ
ရောင်းဝယ်ရေး
ဒဂုံလေးမြို့နယ်ရှိ မြေကွက်များ
စျေးကောင်းပေးဝယ်သည်။
09-758893764

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)၊ မြေကွက်အမှတ် (၅၅၈/ခ)၊ ဧရိယာ(၁၂၀၀)စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ်– ၅၅၈/ခ၊ (၃)လမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးဉာဏ်လင်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား [၁၂/ဥကတ(နိုင်)၀၁၂၄၁၄]အမည်ပေါက် ဦးဉာဏ်လင်း မြေကွက်အား ဦးဉာဏ်လင်း (ဖခင်)နှင့် ဒေါ်အုံးညွန့် (မိခင်) တို့ကွယ်လွန်သဖြင့် ဒေါ်သန်းဦး [၁၂/သဃက(နိုင်)၀၅၉၀၀၁]၊ ဒေါ်ယဉ်ရွှေ [၁၂/ဥကတ(နိုင်)၀၁၂၅၀၇]၊ ဒေါ်ခင်ပြုံး [၁၂/ဥကတ(နိုင်)၀၁၂၆၇၇]၊ ဦးရဲထွေး [၁၂/ဥကတ(နိုင်)၀၁၂၄၂၈]တို့မှ သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ အမှတ်– ၂၈၃၀/၂၀၂၆ (၂၅-၅-၂၀၂၆)၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်၊ နိုင်ကတ်များ၊ သေစာရင်းများ၊ အိမ်ထောင်စု စာရင်းများ၊ ဝန်ဆောင်ခတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေးကော်မတီ

ပျောက်ဆုံးခြင်း

ကျွန်တော် ဦးမျိုးမြင့် [၁၂/သဃက (နိုင်)၀၂၅၃၀၀]၏ ကားနံပါတ်– 4D/9333 ၏ CNG ကတ်အနီ ဂတ်(စ်) စာရွက် ပျောက်ဆုံးသွားပါသဖြင့် ပြန်လည် လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်မည့်သူရှိပါက ဆက်သွယ်အကြောင်းကြား ကန့်ကွက်နိုင်ပါသည်။

ဖုန်းနံပါတ် – ၀၉-၆၆၈၇၉၃၈၀၄

အမည်မှန်ဖြစ်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ Winner အကယ်ဒမီ ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-9 တွင် ပညာသင်ကြားနေသာ မကြီးဘူလေး၏ အမည်မှန်မှာ "မကြီးဘူလီ" [၄/မတန(နိုင်)၀၅၁၉၄၀] မှာ အမှန်ဖြစ်ပါကြောင်း။

"ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ဦးလှကြည် (၁၂/ပဇတ (နိုင်) ၀၁၂၅၅၇) နှင့် ဒေါ်သီဂီ (၁၂/ဗတထ (နိုင်) ၀၀၀၀၉၈) တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၇) ရပ်ကွက်၊ ဦးရွှေဂွန်းလမ်း၊ အမှတ် (၄၉)၊ မြေတိုင်းရပ်ကွက်အမှတ် (7D)၊ မြေကွက်အမှတ် (၆၇)၊ အကျယ်အဝန်း (၃၃ပေ × ၆၀ပေ) ရှိ ဦးလှဟန် အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၂)ထပ်တိုက်၏ (ပထမထပ်) (ယာဘက်)၊ အကျယ်အဝန်း (၁၅' × ၆၀') ရှိ တိုက်ခန်းနှင့်ယင်းတိုက်ခန်းဖြင့် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင် ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်မူမူအေး (၁၂/ပဇတ (နိုင်) ၀၁၂၃၉၁) ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီသဖြင့် စရန်ငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်၍ အဆိုပါအရောင်းအဝယ်ပြုလုပ်သော တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ စ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားမူရင်း ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဒေါ်နီနီဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၄၈၉)
အမှတ်-၃၃/၄၉၊ ပထမထပ်၊ အခန်း(၃)၊ Strand Condo ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၂၅၁၅၇၁၁၆၅

ပျောက်ဆုံးကြောင်း

မောင်ထွန်းလွင် [၇/အဖန(နိုင်)၀၇၂၁၆၂]၏ Passport နံပါတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၅၇၆၉၂၇၃၆

ပြင်ဆင်ဖတ်ရှုပါရန်

၂၃-၇-၂၀၂၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ (၂၈) ပါ တရားလွှတ်တော်ရှေ့နေ ဦးအောင်ဇေယျ၏ အသိပေးတားမြစ်ခြင်း ကြေညာတွင် ဦးစိုးမင်းနိုင်၏ မှတ်ပုံတင်နံပါတ်အား [၁၀/မဒန(နိုင်)၁၉၂၇၂၂] အစား [၁၀/မဒန(နိုင်)၂၁၂၆၄၀]ဟု ပြင်ဆင်ဖတ်ရှုပါရန်။

"ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၅)၊ မြေကွက်အမှတ်(၁၁၂/က)ဟုခေါ်တွင်သော အကျယ်အဝန်း(၂၀ပေx၆၀ပေ)ရှိ ဒေါ်ခင်မွေးမွေးအမည်ဖြင့် မှတ်သားတည်ရှိသည့် ပါမစ်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်နှင့်ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စာချုပ်အဆင့်ဆင့်များအရ ဝယ်ယူပိုင်ဆိုင်ပြီး အမွေစားအမွေခံမှအစ အရှုပ်အရှင်းကင်းရှင်းပါကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဇော်ဝင်း[၁၂/မရက(ပြု)၀၀၀၃၆၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စုစုမြတ်[၁၂/သဃက(နိုင်)၁၅၉၄၄၃]က အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေများအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်စုစုမြတ်၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သက်သက်လှိုင် (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၆၀၆)
အမှတ်-(၂၈၂)၊ မင်းခေါင်-၁လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉- ၄၂၁၁၃၁၉၀၂

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊စံရိပ်ငြိမ်(၄)လမ်း၊မြေကွက်အမှတ်(၅၆၆)၊ဧရိယာ(၀.၀၅၅)ကေရှိနှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အားလုံးတို့ကိုမြေအမည်ပေါက်ပိုင်ဆိုင်သူဒေါ်တင်တင်ရီ(၁၂/လမတ(နိုင်)၀၀၆၈၀၆)ထံမှကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်စရန်ငွေတချို့ကိုပေးချေထားပြီးဖြစ်ပါ၍ကန့်ကွက်လိုပါကဤကြော်ငြာစာထုတ်သည့်နေ့မှစ၍(၁၄)ရက်အတွင်းပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့်လာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မှုမရှိပါကဥပဒေနှင့်အညီဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဦးအောင်ကျော်ထွန်း LL.B.,L.L.M
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၁၆၃)
တိုက်အမှတ်(၁၅၇/၁၆၉)၊အခန်းအမှတ်-B-2ပထမထပ်၊၃၆လမ်း(လယ်)၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ဖုန်း၀၉-၄၀၈၁၈၅၅၉၉၉။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ(၆)လမ်း၊ အမှတ် (၆၀၄/ခ)ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၃)ခန်းတွဲ(၅)ထပ်တိုက်၏ မြေညီထပ် (C)၊ အကျယ်အဝန်း (၁၂½ x ၅၀)ပေရှိ တိုက်ခန်း(၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလ အမည်ပေါက် ပိုင်ဆိုင်သူ မိခင် ဒေါ်ဖွားရင်နှင့် ဖခင် ဦးကျော်စိန်တို့ ကွယ်လွန်ခဲ့သဖြင့် ကျန်ရစ်သည့် မိသားစုများ၏ သဘောတူညီမှုဖြင့် မိသားစု စီမံမှုအရ (၁၆-၇-၂၀၂၆)နေ့စွဲပါ ကတိစာချုပ်ဖြင့် တရားဝင် ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးစောထွန်း [၁၂/ဥကတ(နိုင်)၁၁၄၂၁၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် ဦးအောင်မိုးဝင်း [၈/မကန(နိုင်) ၀၂၉၇၃၈]၊ ဒေါ်သွယ်သွယ်မူ [၇/ငလပ(နိုင်)၁၀၂၀၀၈]တို့က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျ ခိုင်လုံသော တရားဝင် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဝါဝါခိုင် LL.B, D.B.L, D.I.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၆၅)
အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၂၀၀၇၇၁၉

ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားနှင့်ပတ်သက်၍ အများသိစေရန် အသိပေးကြေညာခြင်း

